# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိပြုဖွယ် အမှုကိစ္စ**

သီလနှင့်လည်းပြည့်စုံ၊ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌တည်ကာ အမှန်တရားကိုလည်း သိတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်မြတ်နိုး၏။

ဓိယဝဂ်(ဓမ္မပဒ-၂၁၇)


၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁ ရက် | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်၊ စနေနေ့ | အတွဲ (၆၂)၊ အမှတ်(၃၆၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပုဂ္ဂလိကလုပ်ငန်းများတိုးတက်စေရေး နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိ

# နိုင်ငံ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပိုမိုပေးအပ်နိုင်ရေး စဉ်းစားဆောင်ရွက်လျက်ရှိပြီး မကြာမီအချိန်တွင် ထုတ်ပြန်ပေးသွားမည်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၃) တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၅/၂၀၂၃)ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ◆

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ၏ အလုပ်လုပ်နိုင်စွမ်းမြှင့်တင်နိုင်ရေး အမြဲအလေးထားဆောင်ရွက်လျက်ရှိ၊ နိုင်ငံ၏ ကုန်ထုတ်စွမ်းအားစုများ၌ ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိ၊ တစ်ဖက်တွင်လည်း ကုန်ဈေးနှုန်းများကျဆင်းစေရေး စနစ်တကျကြပ်မတ်ဆောင်ရွက်လျက်ရှိ**


**ယနေ့** *မာ တိ ကာ*



အမေရိကန် ဈေးကွက်အတွက် ပထမဦးဆုံး လျှပ်စစ်ကားကို ဟွန်ဒါကုမ္ပဏီမှ ထုတ်ဖော်ပြသ

နိုင်ငံတကာသတင်း စာ ၁၃

ပင်လယ်ကမ်းရိုးတန်းနှင့် အပြာရောင်စီးပွားရေး

ဆောင်းပါး စာ ၁၆



# နိုင်ငံ့အကျိုး ပြည်သူ့အကျိုး စွမ်းဆောင်လိုသည့်စိတ်မြှင့်တင်

လူတို့၏ကိုယ်ရည်ကိုယ်သွေးသည် ပုဂ္ဂိုလ်ကိုလိုက်၍ တစ်ဦးနှင့်တစ်ဦး မတူဘဲ ကွဲပြားခြားနားကြသည်။ အချို့က သူတစ်ပါးအပေါ် မှီခိုစိတ် (Need Dependence)၊ အချို့က သူတစ်ပါးနှင့်ပူးပေါင်းလိုစိတ် (Need Affiliation)၊ အချို့က တစ်ဦးတည်းလွတ်လပ်စွာ လုပ်ကိုင်လိုစိတ် (Need Autonomy)၊ အချို့က သူတစ်ပါးအပေါ် လွှမ်းမိုးလိုစိတ် (Need Dominance) စသည်ဖြင့် လူချင်းတူကြသည့်တိုင် ကိုယ်ရည်ကိုယ်သွေးချင်းမတူညီကြ။ ယင်းသို့သော ကိုယ်ရည်ကိုယ်သွေးများအနက်မှ ရည်မှန်းချက်ပန်းတိုင်တစ်ခုကို မဖြစ်မနေ စွမ်းဆောင်လိုသည့်စိတ်ဓာတ်(Need Achievement) သည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် အရေးပါပြီး နိုင်ငံသားများတွင် ၎င်းစိတ်ဓာတ်တိုးပွားလာစေရေးအတွက် ပတ်ဝန်းကျင်အခြေအနေများ ပြုပြင်ဖန်တီးခြင်းဖြင့် ရရှိနိုင်သည်ဟု သုခမိန်များက မိန့်ဆိုကြသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ပထဝီဝင်အနေအထား၊ တည်နေရာ၊ ရာသီဥတု၊ သဘာဝသယံဇာတ စသည့်ရုပ်ပိုင်းဆိုင်ရာအခြေအနေများ၏ အကျိုးသက်ရောက်မှုများထက် လူတို့၏ စွမ်းဆောင်ရည်နှင့် ကြိုးပမ်းအားထုတ်မှုတို့က ပို၍ အရေးပါသည်ဟု ဆိုသည်။ နိုင်ငံသားများ၏ စိတ်ပိုင်းဆိုင်ရာ အရည်အသွေးဖြစ်သော အလုပ်လုပ်လိုစိတ်၊ ရုပ်ပိုင်းဆိုင်ရာ အရည်အသွေးဖြစ်သော အလုပ်လုပ်နိုင်သည့် စွမ်းရည်တို့ဖြစ်ပေါ်လာစေရန် ပတ်ဝန်းကျင်အခြေအနေများ ဖန်တီးပေးရန်နှင့် လေ့ကျင့်ပျိုးထောင်မှုတို့ ပြုလုပ်ပေးရန်လိုအပ်သည်။ နိုင်ငံအတွင်းရှိ ပြည်သူလူထုအတွင်း စွမ်းဆောင်လိုသည့် စိတ်ဓာတ်မြင့်မားလာသည်နှင့်အမျှ နိုင်ငံဖွံ့ဖြိုးမှုပိုမိုရရှိနိုင်ကြောင်း ကမ္ဘာ့နိုင်ငံများအား လေ့လာသုတေသနပြုချက်များတွင် တွေ့ရှိထားကြကြောင်း သိရသည်။

မိမိတို့နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ "မိမိတို့နိုင်ငံ၌ အဓိကလိုအပ်သည်မှာ အမှန်တကယ်အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန်လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရကြောင်း၊ အလုပ်လုပ်ရန် မည်သို့ပင်တိုက်တွန်းနေစေကာမူ အလုပ်လုပ်နိုင်ရန် ဖန်တီးပေးမှု၊ အားပေးကူညီပေးမှုမရှိပါက စွမ်းအားပြည့်အလုပ်လုပ်နိုင်မည် မဟုတ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အားပေးကူညီမှုများကို ဖော်ဆောင်ပေးနိုင်မှသာလျှင် အလုပ်ကို အင်ပြည့်အားပြည့်လုပ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် စီမံခန့်ခွဲသည့်သူများက စနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။" နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၅/၂၀၁၃) ၌ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲ၏ ပြောကြားချက်သည် နိုင်ငံတော်၏ ပကတိအခြေအနေပင်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၏ အဓိကအချက်လည်းဖြစ်သည်။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေးဦးစွာ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်လည်း ဖြစ်သည်။ သုတေသီများ၏ လေ့လာတွေ့ရှိချက်များအရ လူတို့သည် မိမိတို့အမှန်တကယ်ပိုင်ဆိုင်သော ကာယ၊ ဉာဏစွမ်းအားများ၏အနည်းငယ်သော အစိတ်အပိုင်းကိုသာ လက်တွေ့အသုံးပြုနေခြင်းဖြစ်ပြီး ကျန်စွမ်းအားအများအပြားမှာ "ငုပ်လျှိုးနေသော စွမ်းအားများ" (Latent energy) အဖြစ်တည်ရှိနေသည်ဟု ဆိုသည်။ အဆိုပါစွမ်းအားများကို အပြည့်အဝအသုံးချလာစေရန် ယုံကြည်ချက်၊ မျှော်လင့်ချက်နှင့် ဖိအားပေးမှုတို့ လိုအပ်သည်ဟုလည်း ဆိုထားသည်။ ပြည်သူလူထုအတွင်း ခိုင်မာသည့်ယုံကြည်ချက်နှင့် အတွေးအခေါ်များဖြစ်ပေါ်လာစေခြင်း၊ နိုင်ငံနှင့် ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ခြင်းသည် မှန်မြတ်သည်ဆိုသောစိတ်ဓာတ် ပြည်သူလူထုအတွင်း ပျံ့နှံ့စေခြင်း၊ ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားအလိုက် ခံစားခွင့်ပြုခြင်း၊ လူတို့အား တန်ဖိုးထားမှုအသစ်များ (New Values) ပေးခြင်း၊ ပြည်သူလူထုကို စိတ်ဓာတ်တက်ကြွအောင်နှိုးဆော်ခြင်းနည်းလမ်းများဖြင့် စိတ်ဓာတ်မြင့်မားအောင်မြှင့်တင်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်ကြရပါမည့်အကြောင်း။ ။



# ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့)အခမ်းအနားများကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

ယနေ့သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူးနေ့မြတ်တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) ဖြစ်သည့်အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် ဘုရားစေတီများ၌ ဝါတွင်းဥပုသ်သီတင်း ဆောက်တည်ကြသူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများနှင့် စည်ကားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၅ ခုနှစ် တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့) အခမ်းအနားများကို ယနေ့နံနက် ၅ နာရီခွဲမှ စတင်၍ စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပသည်။

ရှေးဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးအား အရုဏ်ဆွမ်းတော်ကြီး ကပ်လှူပွဲကို စေတီတော်ရင်ပြင်ဧည့်ခံတန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များက စေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးများ ကပ်လှူပူဇော်ကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ တော်သလင်းလပြည့် (ဂရုဓမ္မအခါတော်နေ့) အခမ်းအနားကို ဆက်လက်ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များက ဘုရား၊ တရား၊ သံဃာဂုဏ်တော်များ ရွတ်ပွားပူဇော်ခြင်း၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာဝန္ဒနာရှိခိုးခြင်း၊ ဂရုဓမ္မအခါတော်နေ့ဆိုင်ရာ အမေးအဖြေများပြုလုပ်ခြင်း၊ ဂရုဓမ္မငါးပါးသီလအကျိုးအပြစ် လင်္ကာများ ရွတ်ဆိုပူဇော်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်းတို့ကိုဆောင်ရွက်ကြသည်။

ယင်းနောက် ဝါတွင်းသီတင်း သီလခံယူဆောက်တည်ပွဲ အခမ်းအနားကို နံနက် ၉ နာရီခွဲတွင် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ကျင်းပရာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဩဝါဒါစရိယ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ စမ်းချောင်းမြို့နယ် နေနတ်သားစာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုစိတ္တထံမှ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပက အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဘုရားဖူးလာ ပြည်သူများက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။**(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များက ဆရာတော် သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နေနတ်သား စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တသုစိတ္တထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာယူ၍ ရေစက်ချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ရောင်တော်ပွင့် တန်ဆောင်း၌ ဆရာတော်သံဃာတော်များအား ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

အလားတူ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၇၅ ခုနှစ် တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်နေ့) ဓမ္မပူဇာမင်္ဂလာအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါ စေတီတော်ဂေါပကရုံး အာရုံခံတန်ဆောင်း အပေါ်ထပ်၌ကျင်းပရာ ဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး နတ်ပြဟ္မာများကို ပင့်ဖိတ်ခြင်း၊ သုံးလောကထွတ်ထား မြတ်စွာဘုရားကို ပင့်လျှောက်ခြင်း၊ အဂ္ဂသာဝက နှစ်ဆူဖြစ်တော်မူသော အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန် ရဟန်းမြတ် နှစ်ပါးတို့အား ပင့်လျှောက်ခြင်းတို့ဆောင်ရွက်ပြီး အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးထွန်းဇော်မြင့်က ဂရုဓမ္မအခါတော်နေ့ ကျင်းပရခြင်းအကြောင်းကို မင်္ဂလာထောမနာစကား ပြောကြားသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဂရုဓမ္မဇာတ်ပါဠိတော်နှင့် မဟာဓမ္မပါလဇာတ်တော် ပါဠိတော်တို့ကို စုပေါင်းရွတ်ဖတ်ပူဇော်ခြင်း၊ မေတ္တာပို့ အမျှပေးဝေခြင်း၊ ဆုတောင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

INTERNATIONAL DAY OF OLDER PERSONS

" သက်ကြီးသူများအား သာယာစွာ သက်ရွယ်စုံညီပါဝင်လို့ ဝိုင်းဝန်းဖြည့်ဆည်းကြပါစို့ "

" Fulfilling the Promises of the Universal Declaration of Human Rights for Older Persons: Across Generations "

၁.၁၀.၂၀၁၃ နေပြည်တော်

## မိုးထစ်ချုန်း ရွာမည်

**ရန်ကုန် စက်တင်ဘာ ၂၉**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ **မိုး/ဇလ**

❖ မိမိတို့နိုင်ငံအနေဖြင့် မိမိတို့ခြေထောက်ပေါ်တွင် ရပ်တည်နိုင်ရေး အဓိကကြိုးစားအားထုတ်ရမည်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုစွမ်းအားများကို မြှင့်တင်ရေး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်၊ နိုင်ငံတော်တာဝန်စယူခါစ အစောပိုင်းကာလများတွင် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်ရသည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်နိုင်ခြင်း မရှိခဲ့သော်လည်း နောက်ပိုင်းတွင် စီးပွားရေးကို ဖိဖိစီးစီးဖြင့် အားပေးဆောင်ရွက်နိုင်ခဲ့

❖ အလုပ်လုပ်ရန် မည်သို့ပင် တိုက်တွန်းနေစေကာမူ အလုပ်လုပ်နိုင်ရန် ဖန်တီးပေးမှု၊ အားပေးကူညီပေးမှုမရှိပါက စွမ်းအားပြည့် အလုပ်လုပ်နိုင်မည်မဟုတ်၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အားပေးကူညီမှုများကို ဖော်ဆောင်ပေးနိုင်မှသာလျှင် အလုပ်ကို အင်ပြည့်အားပြည့်လုပ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် စီမံခန့်ခွဲသည့်သူများက စနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်ကြရမည်

◆ *ရှေ့ဖုံးမှ*

### အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် စနစ်တကျ စီမံခန့်ခွဲပေးရမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏အခြေအနေ အရပ်ရပ်ကို ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ခဲ့ပြီး နောက်ပိုင်း အစိုးရအဖွဲ့လုပ်ငန်းများ အောင်မြင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ အောင်မြင်မှုများ၊ တိုးတက်မှုများ အများအပြား ရှိသကဲ့သို့ အချို့သောကိစ္စများ၌ အားနည်းချက်များ ရှိခဲ့သည်ကိုလည်း တွေ့ရှိရကြောင်း၊ အောင်မြင်မှု ဆိုသည်မှာ လုပ်ဆောင်နိုင်စွမ်းအားအပေါ်တွင်သာ မူတည်သည်ဟု မြင်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ပိုင်ဆိုင်ထားရှိပြီးဖြစ်သည့် မြေပေါ်မြေအောက် သယံဇာတများ၊ သဘာဝအရင်းအမြစ်များ၊ လူသား အရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲပြီး အကျိုးရှိစွာအသုံးချနိုင်မည်ဆိုပါက အမှန်တကယ် အကျိုးရှိနိုင်မည်ဖြစ်ကြောင်း။

ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံ (LDC) နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ကူညီထောက်ပံ့မှုများရရှိမည့် အခွင့်အရေးများရှိသော်လည်း နိုင်ငံရေးအကြောင်းပြချက်များဖြင့် ထောက်ပံ့ကူညီမှုများ ဖြတ်တောက်ခံရသည့် အခြေအနေ၌ ကိုယ့်အားကိုယ်ကိုး ရပ်တည်၍ အောင်မြင်မှုရှိအောင် ဆောင်ရွက်ခဲ့ရကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ ထောက်ပံ့ကူညီမှုကိုသာရရှိခဲ့ပြီး ၎င်းအတွက် ကျေးဇူးတင်ရှိပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံအနေဖြင့် မိမိတို့ခြေထောက်ပေါ်တွင် ရပ်တည်နိုင်ရေး အဓိကကြိုးစားအားထုတ်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုစွမ်းအားများကို မြှင့်တင်ရေး ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တာဝန်စယူခါစ အစောပိုင်းကာလများတွင် တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးဆောင်ရွက်ရသည်ဖြစ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေးဆောင်ရွက်နိုင်ခြင်း မရှိခဲ့သော်လည်း နောက်ပိုင်းတွင် စီးပွားရေးကို ဖိဖိစီးစီးဖြင့် အားပေးဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မိမိတို့နိုင်ငံ၌ အဓိကလိုအပ်သည်မှာ အမှန်တကယ်အလုပ်လုပ်ရန်နှင့် အလုပ်လုပ်နိုင်သည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးရန် လိုအပ်ချက်များရှိနေသည်ကို တွေ့ရှိရကြောင်း၊ အလုပ်လုပ်ရန် မည်သို့ပင် တိုက်တွန်းနေစေကာမူ အလုပ်လုပ်နိုင်ရန် ဖန်တီးပေးမှု၊ အားပေးကူညီပေးမှု မရှိပါက စွမ်းအားပြည့်အလုပ်လုပ်နိုင်မည် မဟုတ်ကြောင်း၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အားပေးကူညီမှုများကို ဖော်ဆောင်ပေးနိုင်မှသာလျှင် အလုပ်ကို အင်ပြည့်အားပြည့်လုပ်နိုင်မည်ဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည့်အတွက် စီမံခန့်ခွဲသည့်သူများက စနစ်တကျဖြင့် စီမံခန့်ခွဲဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### ယုံကြည်မှုပေးထားသည့်အတိုင်း အမှန်တကယ် အလုပ်လုပ်ကြရန်နှင့် မှန်ကန်စွာ စီမံခန့်ခွဲပေးနိုင်ရမည်

လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဝန်ကြီးချုပ်များ၊ ဝန်ကြီးဌာနအလိုက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများကို တာဝန်များ ခွဲဝေခန့်အပ်ခဲ့ရာတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအဖွဲ့စတင်ဖွဲ့စည်းစဉ်ကတည်းကပင် ဝန်ကြီးဌာနအလိုက်၊ လုပ်ငန်းခွင်အလိုက် အတွေ့အကြုံရှိသူများ၊ လုပ်ငန်းကျွမ်းကျင်သူများ၊ တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်မည့်သူများကို စိစစ်ရွေးချယ်၍ ယုံကြည်မှုဖြင့် တာဝန်ပေးအပ်ခဲ့ခြင်း ဖြစ်ကြောင်း၊ ကောင်းမွန်စွာ အလုပ်လုပ်နိုင်မည်၊ အကောင်အထည်ဖော်နိုင်မည်ဆိုသည့် ယုံကြည်မှုဖြင့် တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပိတ်ဆို့နှောင့်ယှက်မှုမျိုးစုံကြားမှ တာဝန်များထမ်းဆောင်ရာတွင် ကာလတိုအတွင်း အောင်မြင်မှုများ၊ တိုးတက်မှုများရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ဆက်လက်၍ ယုံကြည်မှုကို မြှင့်တင်ပြီး ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တိုးတက်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်ချမှတ်ထားရှိပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ အမျိုးသားရေးရည်မှန်းချက် နှစ်ရပ်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် စား၊ ရေ၊ ရိက္ခာဖူလုံရေးကို ချမှတ်ဆောင်ရွက်ထားရှိပြီး တိုင်းပြည်အတွင်းရှိ ပြည်သူပြည်သားအားလုံး မပူမပင် မကြောင့်မကြဖြင့် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရမည်ဖြစ်ကြောင်း၊ ၎င်းအချက် ၂ ချက်သည် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ရမည့် နိုင်ငံတော်၏ မျှော်မှန်းချက်ဖြစ်ကြောင်း၊ မျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရေးရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး နောက်ဆုံးရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးပင်ဖြစ်ကြောင်း၊ တိုင်းပြည်သည် မူလအခြေအနေထက် ပိုမိုတိုးတက်လာရမည်ဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကောင်းမွန်သည့်သမိုင်းတစ်ခုကို ချန်ထားခဲ့နိုင်ရမည်ဖြစ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်နိုင်ရေး ဦးတည်ချက် (၉)ရပ်ကို ချမှတ်ထားရှိကြောင်း၊ ၎င်းအချက်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တာဝန်ရှိသူများက မျက်ခြည်မပြတ် ထိန်းသိမ်းအကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၎င်းအချက်များကို ကြီးကြပ်ပေးရမည့်တာဝန်ရှိသည်ဖြစ်သည့်အတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေများထုတ်ပေးခြင်း၊ ချေးငွေပြန်လည်ပေးဆပ်ရမည့် ကာလကို တိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းများ၏ ထောက်ပံ့ကြေးများ တိုးမြှင့်ပေးခြင်းတို့ကို ဆောင်ရွက်၍ လုပ်ငန်းဆောင်ရွက်ရာတွင် ခွန်အားပိုမိုရရှိအောင် စီမံခန့်ခွဲဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များအနေဖြင့် အလုပ်လုပ်နိုင်ရန်၊ လုပ်ငန်းအောင်မြင်မှုရှိစေရန် စီမံခန့်ခွဲပေးရန်၊ ကူညီပေးရန်တာဝန်ရှိကြောင်း။

လက်တွေ့လုပ်ငန်းများ ဆောင်ရွက်ရာတွင် လုပ်ငန်းများ အောင်မြင်မှုရှိ၊ မရှိ စိစစ်ရန်နှင့် တိုးတက်မှုရှိအောင် ဆောင်ရွက်ရန်မှာ ဝန်ကြီးဌာနများအလိုက် ခန့်အပ်တာဝန်ပေးအပ်ထားသည့် ညွှန်ကြားရေးမှူး၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ အမြဲတမ်းအတွင်းဝန်များက လုပ်ဆောင်ရန် တာဝန်ရှိကြောင်း၊ အစိုးရဌာနအကြီးအကဲများ၏ တာဝန်သည်အရေးကြီးပြီး ရည်မှန်းချက်တာဝန်များ အကောင်အထည်ဖော်မှုကို မျက်ခြည်မပြတ်ကြည့်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဌာနဆိုင်ရာအကြီးအကဲများသည် ပြည်ထောင်စုဝန်ကြီးများကို အာမခံချက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အမှန်တကယ်အလုပ်လုပ်နိုင်သည့်သူများကို တာဝန်ပေးအပ်ရန်နှင့် အမှန်တကယ် အလုပ်လုပ်ရန်လိုကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့် ဝန်ထမ်းများနှင့် ဆွေးနွေးပွဲများပြုလုပ်၍ နိုင်ငံတော်၏ မူဝါဒများကို ချပြရှင်းလင်းဆောင်ရွက်ပေးသွားမည်ဆိုပါက မိမိတို့အစိုးရ၏ လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် ထဲထဲဝင်ဝင် နားလည်သဘောပေါက်လာပြီး အလုပ်လုပ်နိုင်သည့်စွမ်းရည်များ တိုးတက်လာမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် လာမည့်အောက်တိုဘာ ၁ ရက်တွင် စတင်ပြုလုပ်မည့် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှုအတွေ့အကြုံအပေါ် မူတည်၍ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမှုအား ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းအပေါ် မူတည်၍ ခိုင်မာမှန်ကန်သည့် မဲစာရင်းများရရှိလာပါက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ စီမံဆောင်ရွက်နေမှုများကို ဝန်ကြီးဌာနများအလိုက် ရှင်းလင်းပြောကြားသွားရန်လိုကြောင်း။

### စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကုန်ထုတ်လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်

ယခုအခါ မိုးစပါးနှင့် မိုးသီးနှံများ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးခဲ့သည့် စပါးအပါအဝင် အခြားမိုးသီးနှံများအားလုံး ဖြစ်ထွန်းရှင်သန်အောင် ဆောင်ရွက်ရန်နှင့် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစွာထွက်ရှိရေး ဆောင်ရွက်ရန်လိုကြောင်း၊ အလားတူမွေးမြူရေးလုပ်ငန်းများကိုလည်းအောင်မြင်အောင် ဆောင်ရွက်ရန်လိုကြောင်း၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများမှ ထွက်ရှိလာသည့် ထွက်ကုန်များကို MSME လုပ်ငန်းများဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်၍ တန်ဖိုးမြှင့်ထုတ်ကုန်များအဖြစ် ထုတ်လုပ်နိုင်ရေး အဓိကထားဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ကျေးလက်နေလူဦးရေ ၇၂ ရာခိုင်နှုန်းအနက် ၄၅ ရာခိုင်နှုန်းခန့်မှာ စိုက်ပျိုးရေးကို တိုက်ရိုက်ဆောင်ရွက်နေကြသူများဖြစ်ကြကြောင်း၊ အခြားကျေးလက်နေပြည်သူများမှာ စိုက်ပျိုးရေးကို အခြေခံသည့် အခြားစီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြသဖြင့် မိမိတို့နိုင်ငံသား အများစုမှာ စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားဆောင်ရွက်နေသူများဖြစ်ကြကြောင်း၊ ကမ္ဘာပေါ်တွင် Food Security အတွက် လိုအပ်ချက်များရှိကြောင်း၊ အဆိုပါ စားနပ်ရိက္ခာလိုအပ်ချက်ကို စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် နိုင်ငံများကသာ ဖြည့်ဆည်းပေးနိုင်သဖြင့် စွမ်းအားပြည့် စိုက်ပျိုးထုတ်လုပ်နိုင်ရန် လိုကြောင်း၊ အချို့နိုင်ငံများ၏ သီးထပ်စွမ်းအားမှာ ၃၀၀ ရာခိုင်နှုန်းခန့်ရှိသော်လည်း မိမိတို့နိုင်ငံ၏ သီးထပ်စွမ်းအားမှာ ၁၅၀ ရာခိုင်နှုန်းကျော်ခန့်သာ ရှိကြောင်း၊ ထို့ကြောင့်သီးထပ်စွမ်းအားများ တိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်လိုကြောင်း။

မွေးမြူရေးနှင့်ပတ်သက်၍ လူများ၏ နေ့စဉ်စားသောက်မှုများတွင် အသီးအနှံများအပြင် အသား၊ ငါးနှင့် ဥများ ပါဝင်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကြက်၊ ဝက်၊ ဆိတ်၊ နွားနှင့် ငါး စသည့်အသားငါးများကို အဓိကထားစားသုံးကြပြီး နိုင်ငံတစ်ဝန်း၌လည်း မွေးမြူ၍ရကြောင်း၊ မိမိတို့နိုင်ငံတွင် မွေးမြူရေးနှင့် ပတ်သက်၍ စနစ်တကျမွေးမြူခြင်း မရှိသောကြောင့် လိုအပ်ချက်များရှိနေကြောင်း၊ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျ မွေးမြူမည်ဆိုပါက ပြည်တွင်း၌ အသား၊ ငါးနှင့် ဥများကို ဖူလုံစွာဖြင့် စားသုံးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်ကြစေရေး တာဝန်ရှိသူများအနေဖြင့် ကြပ်မတ်ဆောင်ရွက်နေရန် လိုကြောင်း။

### ကုန်ထုတ်လုပ်မှုစွမ်းအားမြှင့်တင်ခြင်းဖြင့် တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းစေနိုင်

မိမိတို့နိုင်ငံသည် စျေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်နေသည့် နိုင်ငံတစ်ခုဖြစ်ကြောင်း၊ သို့သော် ဝန်ကြီးဌာနများ၌ စက်ရုံများရှိပြီး ထုတ်လုပ်နိုင်စွမ်းများရှိကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် စက်ရုံများ ပြန်လည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ စက်ရုံများအတွက် လိုအပ်သည့် ပြင်ဆင်မှုများနှင့် အဆင့်မြှင့်တင်မှုများကို ဆောင်ရွက်သွားရန် လိုကြောင်း၊ စက်ရုံများ လည်ပတ်နေခြင်းဖြင့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းများကလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွက် လိုအပ်သည့်ထုတ်ကုန်များကို အပြည့်အဝထုတ်လုပ်နိုင်ရေး

*စာမျက်နှာ ၄ သို့*

○ မိမိတို့အနေဖြင့် လာမည့်အောက်တိုဘာ ၁ ရက်တွင် စတင်ပြုလုပ်မည့် စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှုအတွေ့အကြုံအပေါ် မူတည်၍ ၂၀၂၄ ခုနှစ်တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူမှုအား ပြုလုပ်သွားမည်ဖြစ်

○ ယင်းအပေါ် မူတည်၍ ခိုင်မာမှန်ကန်သည့် မဲစာရင်းများ ရရှိလာပါက ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်

စာမျက်နှာ ၃ မှ

ပုဂ္ဂလိကလုပ်ငန်းများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးနေရန် လိုကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများတိုးတက်စေရေး အတွက် နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပုဂ္ဂလိကစက်ရုံ အလုပ်ရုံလုပ်ငန်းများ၊ MSME လုပ်ငန်းများ၊ ကုန်ထုတ် လုပ်ငန်းများအတွက် လိုအပ်သည့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ၊ ဝန်ကြီးဌာနများအလိုက် ဆောင်ရွက် နေသည့် စက်ရုံအလုပ်ရုံများ စွမ်းအားပြည့်လည်ပတ် နိုင်မည်ဆိုပါက တိုင်းပြည်အတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ အလိုက် ဆောင်ရွက်နေသည့် လုပ်ငန်းများကိုလည်း အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ သို့မှသာ နိုင်ငံ့စီးပွားတိုးတက်လာမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာ ကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြား ရာတွင် မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် နိုင်ငံ၏ အလုပ်လုပ်နိုင်စွမ်းမြှင့်တင်နိုင်ရေး အမြဲအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ ကုန်ထုတ်စွမ်းအားစုများ၌ ပါဝင်သည့် နိုင်ငံ့ဝန်ထမ်း များ၏ သက်သာချောင်ချိရေးကို အလေးထား ဆောင်ရွက်ပေးလျက်ရှိပြီး ထောက်ပံ့မှုများ၊ သက်သာ ချောင်ချိရေးကိစ္စများ၊ စရိတ်များကို တိုးမြှင့်ပေးခဲ့ ကြောင်း၊ တစ်ဖက်တွင်လည်း ကုန်ဈေးနှုန်းများ ကျဆင်းစေရေး စနစ်တကျ ကြပ်မတ်ဆောင်ရွက် လျက်ရှိကြောင်း၊ ထပ်မံ၍ နိုင်ငံ့ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပိုမိုပေးအပ်နိုင်ရေး စဉ်းစား ဆောင်ရွက်လျက်ရှိပြီး မကြာမီအချိန်တွင် ထုတ်ပြန် ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်ပနိုင်ငံများ၌ အလုပ် လုပ်ကိုင်နေကြသည့် နိုင်ငံသားများမှ ပြန်လည်ပေးပို့ သည့် ငွေကြေးများသည်လည်း နိုင်ငံ၏ငွေကြေး လည်ပတ်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေကြောင်း၊ ထို့ကြောင့် ၎င်းတို့အတွက် ပိုမိုအကျိုးခံစားခွင့် (Incentive)များ ရရှိရေးကိုလည်း စီမံဆောင်ရွက်လျက် ရှိကြောင်း။

ဘဏ္ဍာငွေသုံးစွဲမှုများနှင့်ပတ်သက်၍ မလိုလား အပ်သည့်နေရာများတွင် အပိုငွေများ ကုန်ကျမှုမရှိ အောင် ချွေတာသုံးစွဲခြင်းဖြင့် ပိုလျှံမှုများကို အခြား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ တိုးတက်အောင်မြင် မှုရှိစေရေး အပြန်ပြန်အလှန်လှန်စိစစ်၍ ကြပ်မတ် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြည်သူလူထု အကျိုးကို လက်တွေ့ကျကျ ထိထိရောက်ရောက် ဆောင်ရွက်ပြခြင်းဖြင့် အလုပ်ဖြင့် သက်သေပြကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❑ **အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားရသည့် စက်ရုံများ ပြန်လည်လည်ပတ်၍ ကုန်ထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရန်လို၊ စက်ရုံများအတွက် လိုအပ်သည့် ပြင်ဆင်မှုများနှင့် အဆင့်မြှင့်တင်မှုများကို ဆောင်ရွက်သွားရန်လို၊ စက်ရုံများ လည်ပတ်နေခြင်းဖြင့် ထုတ်ကုန်များကို ထုတ်လုပ်နိုင်မည်ဖြစ်၊ စီးပွားရေးလုပ်ငန်းများအား ပုဂ္ဂလိကလုပ်ငန်းများကလည်း ဆောင်ရွက်လျက်ရှိ၊ နိုင်ငံအတွက် လိုအပ်သည့်ထုတ်ကုန်များကို အပြည့်အဝ ထုတ်လုပ်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေး**



တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ Video Conferencing ဖြင့် တက်ရောက်ကြစဉ်။

❑ **ဘဏ္ဍာငွေသုံးစွဲမှုများနှင့် ပတ်သက်၍ မလိုလားအပ်သည့် နေရာများတွင် အပိုငွေများ ကုန်ကျမှုမရှိအောင် ချွေတာသုံးစွဲခြင်းဖြင့် ပိုလျှံမှုများကို အခြား ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အသုံးပြုနိုင် မည်ဖြစ်**

❑ **ဝန်ကြီးဌာနအလိုက် လုပ်ငန်းများ တိုးတက်အောင်မြင်မှုရှိစေရေး အပြန်ပြန် အလှန်လှန်စိစစ်၍ ကြပ်မတ်ဆောင်ရွက်သွားကြရန်လို၊ ပြည်သူလူထုအကျိုးကို လက်တွေ့ကျကျ ထိထိရောက်ရောက်ဆောင်ရွက်ပြခြင်းဖြင့် အလုပ်ဖြင့် သက်သေ ပြကြရန် တိုက်တွန်းလို**

# ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် အသက်(၉)နှစ်ပြည့်ပြီး (၁၂)နှစ်မကျော်သော မိန်းကလေးငယ်များအား သားအိမ်ခေါင်းကင်ဆာရောဂါကာကွယ်ဆေးထိုးနှံခြင်း ပြည်နယ်အဆင့်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**ဟားခါး စက်တင်ဘာ ၂၉**

အသက် (၉) နှစ်ပြည့်ပြီး (၁၂) နှစ် မကျော်သော မိန်းကလေးငယ်များ အား သားအိမ်ခေါင်းကင်ဆာ ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း ပြည်နယ်အဆင့်ဖွင့်ပွဲ အခမ်း အနားကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်း ဗိုလ်တိုက်ချွန်း ခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်း ထန်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်၊ ပြည်နယ်စီးပွား ရေးဝန်ကြီး ဦးဟန်ကျင့်ဇမ်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး စိုးလွင်မိုး၊ ပြည်နယ်လူမှုရေးရာ ဝန်ကြီး ဦးကျော်စိုးဝင်း၊ ပြည်နယ်၊ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိ သူများနှင့် ကာကွယ်ဆေးထိုးနှံ ကြမည့် ကျောင်းသူလေးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီး ချုပ်က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ၏ ၂၀၂၀ ပြည့်နှစ် စာရင်းအရ တစ်ကမ္ဘာလုံးတွင် နှစ်စဉ် သားအိမ်ခေါင်းကင်ဆာ ဖြစ်ပွား နှုန်းမှာ အမျိုးသမီးဦးရေ တစ်သိန်း လျှင် ၁၃ ဒသမ ၃ ဦးရှိပြီး သေဆုံးမှု နှုန်းမှာ ၆ ဒသမ ၉ ဦးရှိ၍ သားအိမ် ခေါင်းကင်ဆာကြောင့် သေဆုံးသူ များ၏ ၉၀ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးမှု နည်းသော နိုင်ငံများကဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် သားအိမ်ခေါင်း ကင်ဆာအဖြစ်များဆုံး အသက် အုပ်စုမှာ အသက် (၁၅)နှစ်မှ (၄၄) နှစ်ဖြစ်ပြီး အမျိုးသမီးဦးရေ တစ်သိန်းတွင် ၂၅ ဒသမ ၃ ဦး ဖြစ်ပွားသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလမှစ၍ အသက် (၉) နှစ်နှင့် (၁၀) နှစ် ပြည့်ပြီးသော မိန်းကလေးများ အား ကာကွယ်ဆေးထိုးနှံခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါ အခြေနေ ကြောင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၃ ခုနှစ် အထိ သုံးနှစ်ဆက်တိုက်ထိုးနှံနိုင် ခြင်းမရှိကြောင်း ၊ သို့ဖြစ်၍ ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် ကျောင်း အခြေပြု အစီစဉ်ဖြင့်လည်း ကောင်း ၊ အောက်တိုဘာလတွင် ပြည်သူလူထုအခြေပြုအစီစဉ်ဖြင့် လည်းကောင်း ထိုးနှံပေးသွားမည် ဖြစ်ကြောင်း၊ ထိုသို့ ထိုးနှံရခြင်း အားဖြင့် သားအိမ်ခေါင်းကင်ဆာ ရောဂါဖြစ်ပွားမှု ၉၅ ရာခိုင်နှုန်း ကာကွယ်ပေးနိုင်မည်ဖြစ်ကြောင်း နှင့် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းတွင် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသော တာဝန်ရှိ သူအားလုံးကို ကျေးဇူးတင်ရှိပါ ကြောင်း ပြောကြားသည်။

ထို့နောက် ဟားခါးမြို့ဆေးရုံ အုပ်ကြီး ဒေါက်တာမောင်မောင် ဝင်းက သားအိမ်ခေါင်းကင်ဆာ ရောဂါနှင့် HPV ရောဂါ ကာကွယ် ဆေးအကြောင်းတို့ကို ရှင်းလင်း တင်ပြပြီး ပြည်နယ်ပညာရေးမှူး ဦးဘိကူးဒူက HPV ကာကွယ် ရေးဆေးထိုးနှံရာတွင် စာရင်း ကောက်ယူခြင်းနှင့် ကျန်းမာရေး ဌာနနှင့် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်း ပြောကြားကာ ပြည်နယ်ဝန်ကြီး ချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက် ကြသည်။

ယင်းနောက် အသက် (၉) နှစ် ပြည့်ပြီး (၁၂) နှစ် မကျော်သော မိန်းကလေးငယ်များအား သား အိမ်ခေါင်းကင်ဆာရောဂါကာကွယ် ဆေးထိုးနှံပေးနေမှုကို ပြည်နယ် ဝန်ကြီးချုပ်က လှည့်လည်ကြည့်ရှု အားပေးပြီး ကျောင်းသူလေးများ ကို လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ကျန်းမာရေးဝန်ထမ်း များနှင့် ကျောင်းသူကလေးငယ် များအား အားပေးစကား ပြော ကြားကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့်ပူးပေါင်း ဆောင်ရွက်ရေးအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၂၉**
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်းဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီဘူးလော့ချ်နိကော့ (ဦးလွင်) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးဝန်ကြီးဌာန(၂)၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှားနှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ခြင်းအပါအဝင် စွမ်းအင်ထုတ်လုပ်ရေးကဏ္ဍများ၊ ရွှေနှင့် သတ္တုတူးဖော်ရေးကဏ္ဍ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် မြန်မာနိုင်ငံတွင် မြန်မာ-ရုရှား စီးပွားရေးဆိုင်ရာဖိုရမ် ကျင်းပနိုင်ရေးကိစ္စရပ်များအပေါ် အမြင်ချင်းဖလှယ်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ရှမ်းပြည်နယ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂၉**
၂၀၁၃ ခုနှစ် ရှမ်းပြည်နယ် (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကို စက်တင်ဘာ ၂၈ ရက်က တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးသန်းဦးလွင်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးအေးလှိုင်၊ တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာကေသီသင် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**



ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်၏ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို စက်တင်ဘာ၂၈ ရက်နှင့် ၂၉ ရက် နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ရှမ်းပြည်နယ် (အရှေ့၊ မြောက်၊ တောင်) နယ်မြေဒေသသုံးခုမှ ပြိုင်ပွဲဝင် ၃၆၇ ဦး တက်ရောက်ယှဉ်ပြိုင်ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်မိပါကြောင်း၊ ပြိုင်ပွဲဝင်မောင်မယ်များ အထောက်အကူပြုပံ့ပိုးပေးသည့် ပညာရှင်များအားလုံးကိုလည်း ရှမ်းပြည်နယ်အစိုးရကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း၊ ရှမ်းပြည်နယ်သည် (၂၃)ကြိမ်မြောက် ပြိုင်ပွဲတွင် ရွှေတစ်ခု၊ ငွေရှစ်ခုနှင့် ကြေးငါးခု၊ နှစ်သိမ့်ဆုငါးဆုရှိခဲ့ပြီး ယခု (၂၄)ကြိမ်မြောက်တွင်လည်း ပြိုင်ပွဲဝင်မောင်မယ်များက ဆက်လက်ဂုဏ်ဆောင်နိုင်ကြမည်ဟု ယုံကြည်မျှော်လင့်မိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရရှိခဲ့သူများ၊ ရှမ်းတိုင်းရင်းသား၊ ခိုလုံလီရှောတိုင်းရင်းသား၊ အင်းသားတိုင်းရင်းသားရိုးရာအကများနှင့် အရေးပြိုင်ပွဲ၊ အတီးပြိုင်ပွဲတွင် ထပ်အိမ်ဂူဘုန်းတော်ကြီးပညာသင်ကျောင်းမှကျောင်းသူလေးများ၏ ဆိုင်းဝိုင်းဖြင့် ဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ် UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၉**
နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သူ Ms. Noriko Takagi အား ယနေ့ နံနက် ၁၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဘင်္ဂလားဒေ့ရှ်ရောက် နေရပ်စွန့်ခွာသူများအား မြန်မာနိုင်ငံမှ ပြန်လည်စိစစ်ပြီး ရှေ့ပြေးစီမံချက်ဖြင့် ပြန်လည်လက်ခံရန် မြန်မာဘက်မှ အသင့်ပြင်ဆင်ထားမှု အခြေအနေ၊ UNHCR နှင့် လက်ရှိပူးပေါင်း ဆောင်ရွက်မှုနှင့် အနာဂတ်တွင် ပူးပေါင်း ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်မြို့အခြေစိုက် UNHCR ရုံး၏ မြန်မာနိုင်ငံဆိုင်ရာ ဒုတိယကိုယ်စားလှယ် Mr. Mulugeta Zewdie တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၉**
မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## မောင်တောကညင်ချောင်းစီးပွားရေးဇုန် ကုန်သွယ်မှုတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မောင်တော စက်တင်ဘာ ၂၉**
ရခိုင်ပြည်နယ် မောင်တောမြို့၌ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ကညင်ချောင်း စီးပွားရေးဇုန်အတွင်း တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၇ နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။



ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဦးက ကညင်ချောင်းစီးပွားရေးဇုန်တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဌာနများအလိုက် ပို့ကုန်၊ သွင်းကုန်နှင့် ကုန်သွယ်မှု ကိစ္စရပ်များကို ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်ရာတွင် အခက်အခဲများရှိပါက တင်ပြစေလိုကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ကုန်ပစ္စည်းများတင်ပို့မှုအခြေအနေများ၊ ကုန်သွယ်မှုတိုးမြှင့် ဆောင်ရွက်နိုင်ရေးအတွက် ကုန်သည်များ၏ အခက်အခဲများ၊ မောင်တောကုန်သွယ်ရေးစခန်းအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေး၊ ကုန်သွယ်မှုပမာဏ တိုးတက်စေရေး ဝိုင်းဝန်း ဆောင်ရွက်ကြစေရန် လိုကြောင်း၊ မြို့နယ်အတွင်း မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲရာတွင် ကုန်တင်ယာဉ်များကို မြို့ဝင်/မြို့ထွက် စာရင်းများ စနစ်တကျ မှတ်တမ်းထားရှိစေရေး မှာကြားသည်။ ယင်းနောက် ကညင်ချောင်း စီးပွားရေးဇုန်တွင် တာဝန်ထမ်းဆောင်နေကြသော ဌာနဆိုင်ရာများက ကုန်သွယ်ရေးစခန်း ပုံမှန်လည်ပတ်ဆောင်ရွက်နေမှုများ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကုန်ပစ္စည်း ဝယ်လိုမှုများနှင့် တင်သွင်းသည့် ကုန်ပစ္စည်း အခြေအနေများ၊ လုပ်ငန်းရှင်များက ကုန်သွယ်မှုဆိုင်ရာ အခက်အခဲများကို တင်ပြဆွေးနွေးကြရာ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

နိုင်ငံတော်အစိုးရအနေဖြင့် ကော်ဖီထုတ်လုပ်တင်ပို့ခြင်းမှ နိုင်ငံခြားဝင်ငွေရရှိနိုင်မှုနှင့် လုပ်ငန်းရှင်များအတွက် စီးပွားရေးတွက်ခြေကိုက်မှု အလားအလာကောင်းများကို မှန်းဆပြီး ကော်ဖီ စိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းအပေါ် ဘက်ပေါင်းစုံမှ အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်၏ စံသတ်မှတ်ချက်များ၊ ကုန်သွယ်မှုဆိုင်ရာ ဥပဒေစည်းမျဉ်း စည်းကမ်းများအပါအဝင် ရင်ဆိုင်ကြုံတွေ့ရနိုင်သည့် အခြေအနေများအပေါ် ကော်ဖီတောင်သူများ၊ ကော်ဖီလုပ်ငန်းရှင်များ၊ ကော်ဖီအသင်းအဖွဲ့များအနေဖြင့် မှန်ကန်မျှတစွာ ရှုမြင်သုံးသပ်ပြီး မိမိတို့၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းအောင်မြင်ရေး ကြိုးပမ်းကြစေလိုကြောင်း ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ကော်ဖီကို ဆွစ်ဇာလန်၊ ထိုင်ဝမ်၊ တရုတ်၊ ထိုင်း၊ အမေရိကန်၊ ဗြိတိန်၊ အိုက်စလန်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမနီနှင့် UAE နိုင်ငံများသို့ တင်ပို့ရောင်းချလျက်ရှိရာ ၂၀၂၁-၂၀၂၂ ခုနှစ်တွင် ကော်ဖီတန်ချိန် ၁၁၀၀ ခန့် တင်ပို့ရောင်းချခဲ့ကြောင်း၊ ကော်ဖီတင်သွင်းမှုအနေဖြင့် ကော်ဖီစေ့၊ Coffee Mix နှင့် Coffee Powder ပုံစံ သုံးမျိုးဖြင့် တင်သွင်းလျက်ရှိပြီး Coffee Mix တန် ၁၂၅၀၀ခန့်နှင့် Coffee Powder တန် ၄၅၀၀ခန့် တင်သွင်းခဲ့သည်ကို အကောက်ခွန်ဦးစီးဌာန၏ အချက်အလက်များအရ သိရှိရကြောင်း။



ပြင်ဦးလွင်ဒေသနှင့် ရှမ်းပြည်နယ် ရွာငံ၊ ဟိုပုံး၊ ပင်လောင်းဒေသများမှ စိုက်ပျိုးထွက်ရှိသည့် မြန်မာ့အာရေးဗီးကားကော်ဖီသည် အထူးတန်းဝင် ကော်ဖီအဆင့်ရခဲ့မှုနှင့်အတူ အထိုက်အလျောက် မြင့်မားသော ကော်ဖီဈေးနှုန်းများရရှိနေပြီဖြစ်၍ နိုင်ငံခြားဝင်ငွေ ပိုမိုရရှိလာပြီး ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ၊ လုပ်ငန်းရှင်များ အကျိုးအမြတ်ဖြစ်ထွန်းလာလျက်ရှိကြောင်း။

ယခုအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့ကော်ဖီကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးခြင်းနှင့်အတူ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများ၌ ဝန်ကြီးဌာန၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ မြန်မာကော်ဖီအသင်းနှင့် ကော်ဖီအစုအဖွဲ့များမှ ကော်ဖီလုပ်ငန်းရှင်များ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မှု မြှင့်တင်နိုင်မည့် အခွင့်အလမ်းများ ဖော်ထုတ်ဆွေးနွေးသွားကြရန်တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကော်ဖီ-ရာသီသီးနှံဌာနခွဲ ညွှန်ကြားရေးမှူးက ကော်ဖီစိုက်ပျိုး ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေများကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ မြန်မာနိုင်ငံကော်ဖီအသင်းနာယကနှင့် မြန်မာနိုင်ငံကော်ဖီအသင်း အစုအဖွဲ့များမှ တာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံကော်ဖီအသင်း လက်ရှိဆောင်ရွက်နေမှုနှင့် ကော်ဖီတန်ဖိုးမြင့်ကွင်းဆက်၊ ပို့ကုန်မြှင့်တင်ရေး၊ ပြည်ပသွင်းကုန် အစားထိုး ကော်ဖီထုတ်လုပ်မှု၊ အရည်အသွေးမြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများက ဖြည့်စွက်အကြံပြုဆွေးနွေးကြသည်။

အုပ်စုအလိုက်ဆွေးနွေးခြင်း အစီအစဉ်တွင် ပြည်တွင်းကော်ဖီစိုက်ပျိုးထုတ်လုပ်မှု အခြေအနေနှင့် စိုက်ပျိုးပညာပေးရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ ကော်ဖီကြိတ်ခွဲထုတ်လုပ်ခြင်း၊ သောက်သုံးမှု အရည်အသွေးစမ်းသပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် အစားအစာဘေးအန္တရာယ်ကင်းရှင်းစေရေး၊ ပြည်တွင်းကော်ဖီသောက်သုံးမှုနှင့် ပြည်ပကုန်သွယ်မှုအခြေအနေ၊ မူပိုင်ခွင့်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယနေ့ကျင်းပသည့် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှုရေိယာများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းနှင့် အရည်အသွေး ကောင်းမွန်ရေး၊ ရိတ်သိမ်းချိန်လွန်နည်းပညာများကို စနစ်တကျကျင့်သုံးနိုင်ရေး၊ အရင်းအနှီးနှင့် ဈေးကွက်ရရှိရေး၊ လက်ရှိကော်ဖီဈေးကွက်အခြေအနေ၊ ကော်ဖီစိုက်တောင်သူများ ကြုံတွေ့နေရသည့်အခက်အခဲ၊ ကော်ဖီတန်ဖိုးကွင်းဆက်တစ်လျှောက်ရှိ ပြုပြင်ကြိတ်ခွဲမှုအပါအဝင် ဈေးကွက်ရောက်သည်အထိ ကြုံတွေ့ရသည့်အခက်အခဲ၊ နည်းပညာ လိုအပ်ချက်များကို ထည့်သွင်းဆွေးနွေးကြပြီး စီးပွားရေးပညာရှင်များကလည်း တန်ဖိုးမြှင့် ထုတ်ကုန်အတွက် စီးပွားရေးရှုထောင့်အမြင်များဖြင့် အကြံပြုဆွေးနွေးခဲ့ကြပြီး ဆက်လက်၍လည်း ကော်ဖီစိုက်တောင်သူအများစုရှိရာဒေသများတွင် ယခုထက်ပိုမို လက်တွေ့ကျသည့် ကော်ဖီဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)၌ မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၉**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးတက္ကသိုလ်(ရေဆင်း)၌ မြန်မာ အီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများကို ယနေ့နံနက်ပိုင်းက မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်း စုဝေးခန်းမ၌ ကျင်းပရာ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊



ရေဆင်း ဒုတိယပါမောက္ခချုပ် ဒေါက်တာရဲထွဋ်အောင်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်းဘွဲ့နှင်းသဘင်ခန်းမ၌ ဆက်လက်ကျင်းပရာ စိုက်ပျိုးရေးတက္ကသိုလ် (ရေဆင်း) ပါမောက္ခချုပ် ဒေါက်တာနန်းဆိုင်ဟွမ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်၍ လက်တွေ့မဲပေးခြင်းများ ဆောင်ရွက်ကြသည်။ (ဓာတ်ပုံ)

အခမ်းအနားများတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဦးကိုကိုလွင်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများက မြန်မာ အီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြသဆွေးနွေးပြီး မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ရေဆင်းမှ ဆရာ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်း ၂၆၁ ဦး၊ စိုက်ပျိုးရေးတက္ကသိုလ်၊ ရေဆင်းမှ ဆရာ ဆရာမများနှင့် အရာထမ်း၊ အမှုထမ်း ၄၄၁ ဦးတို့က မဲပေးစက်ဖြင့် လက်တွေ့ဆန္ဒမဲ ပေးခဲ့ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် Myanmar Electronic Voting Machine (MEVM) နှင့်စပ်လျဉ်း၍ ပြည်သူအများ သိရှိနားလည်မှုမြင့်တက်စေရန်အတွက် မဲဆန္ဒရှင်အသိပညာပေး လုပ်ငန်းတစ်ရပ်အနေဖြင့် ဝန်ကြီးဌာန/အဖွဲ့အစည်းများသို့သွားရောက်၍ လက်တွေ့သရုပ်ပြရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိရာတွင် စမ်းသပ်မဲပေးခဲ့ကြသည့် မဲဆန္ဒရှင်များအနေဖြင့် အခက်အခဲမရှိ အလွယ်တကူ ဆန္ဒမဲပေးနိုင်ခဲ့ကြသည်ကို တွေ့ရှိရသည်။ မဲပေးမှုနှင့် စပ်လျဉ်း၍ မျက်မြင် တွေ့ရှိရသည့်အတွက် စိတ်ချ ယုံကြည်မှုအပြည့်ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ လက်တွေ့ကျကျ ဆောင်ရွက်နိုင်ပြီး တရားမျှတသော၊ ဂုဏ်သိက္ခာရှိသော ရွေးကောက်ပွဲများ ကျင်းပဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် စက်တင်ဘာ ၂၉**

ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၏ စားသောက်ရေး အဆင်ပြေစေရန်နှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များ ဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သား အာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက် ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပုဗ္ဗသီရိမြို့ အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော်ထံ သင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၉

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်၊ ပုဗ္ဗသီရိမြို့ အောင်စည်သာပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိစက္ခဏ မဟာထေရ်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုပြီး သင်္ကန်း၊ ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။** (ယာပုံ)



ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးခန်းမ၌ ကျင်းပသည့် ပျဉ်းမနားခရိုင်အတွင်းရှိ ပညာရေးဝန်ထမ်းများအား တွေ့ဆုံအားပေး ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားတက်ရောက်သည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်မှ ပညာရေးကဏ္ဍ မြင့်မားတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများကို အရည်အသွေးပြည့်ဝပြီး ဗလငါးတန်နှင့် ပြည့်စုံသော လူတော်လူကောင်းများ၊ နိုင်ငံ့သားကောင်းများ၊ ယဉ်ကျေးလိမ္မာသည့် ကလေးများဖြစ်အောင် ပြုစုပျိုးထောင်ကြရန် စေတနာ၊ ဝါသနာ၊ အနစ်နာ နာသုံးနာနှင့်အညီ သင်ကြားပေးစေလိုကြောင်း၊ အနာဂတ်ပညာရေး နယ်ပယ်ကဏ္ဍများ မြင့်မားတိုးတက်ရေးအတွက် တစ်မျိုးသားလုံး ပညာရည် မြှင့်တင်မှုကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆရာ ဆရာမများအားလုံးက ဝိုင်းဝန်းပူးပေါင်းပြီး ကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီအဖွဲ့ဝင်များက ပျဉ်းမနားခရိုင်အတွင်းရှိ ပညာရေးဝန်ထမ်းများအား ဆေးစိမ်ခြင်ထောင်များနှင့် ဗဟုသုတရဖွယ် စာအုပ်စာတမ်းများပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများက လက်ခံရယူကြပြီး ပျဉ်းမနားမြို့နယ် တောင်ပေါ်ဒေသရှိ ဆရာ ဆရာမများကိုယ်စား ကျောင်းအုပ်ဆရာကြီးတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပျဉ်းမနားခရိုင်အတွင်းရှိပညာရေးဝန်ထမ်းများအား သက်သာသောဈေးနှုန်းဖြင့် တစ်ဦးလျှင် ဆန်လေးပြည်နှုန်း၊ ဆီ တစ်ပိဿာနှုန်းစီဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယနေ့တွင် နေပြည်တော်ရှိ မြို့နယ် ရှစ်မြို့နယ်ရှိ ပညာရေးဝန်ထမ်း ဆရာ ဆရာမများအား တစ်ဦးလျှင် ဆန်လေးပြည်နှုန်း၊ ဆီတစ်ပိဿာနှုန်းစီကို သက်သာသောဈေးနှုန်းဖြင့် တစ်ပြိုင်တည်း ရောင်းချပေးလျက်ရှိရာ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ မြို့နယ်အလိုက် သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပျဉ်းမနားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံး၌ ပျဉ်းမနားမြို့နယ် တောင်ပေါ်ဒေသကျေးရွာများဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ တက်ရောက်အမှာစကား ပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် ဌာနဆိုင်ရာများက တောင်ပေါ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်ရေရရှိရေး၊ လယ်ယာမြေကိစ္စများ၊ လျှပ်စစ်မီးလင်းရေးကိစ္စရပ်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိစ္စရပ်များ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ မိုးသီရိအထည်ချုပ်လုပ်ငန်းသို့ သွားရောက်၍ အထည်ချုပ်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး၍ လိုအပ်သည်များကို မှာကြားသည်။

**သတင်းစဉ်**



## ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်သစ်ဆောက်လုပ်ရန် ပန္နက်တင်

**မန္တလေး စက်တင်ဘာ ၂၉**

ပညာရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်း(တည်ဆောက်ရေး) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် စိန်ရတနာကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၈ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်(ဝဲပုံ)နှင့် အဖွဲ့ဝင်များက သတ်မှတ်နေရာများအလိုက် ပန္နက်တင်ပေးသည်။ အဆိုပါ စိန်ရတနာကျောင်းဆောင်သစ်မှာ အလျား ပေ ၁၀၀၊ အနံ ပေ ၃၀ အာစီသုံးထပ်ဆောင်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စု ရန်ပုံငွေကျပ် ၄၃၉၄၅၆၀၀၀ ဖြင့် တင်ဒါအောင် ဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

## (၆၈)နှစ်မြောက် ကရင်ပြည်နယ်နေ့အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပမည်

**ဘားအံ စက်တင်ဘာ ၂၉**

ကရင်ပြည်နယ်ကို မွေးဖွားသန့်စင်သောနေ့၊ ရာသီအချိန်အခါအရ ဆောင်းဦးကာလ သာယာသော အချိန်အခါသမယ ဖြစ်သည့် နိုဝင်ဘာ ၇ ရက်ကို ကရင်ပြည်နယ်နေ့အဖြစ် သတ်မှတ်ကာ ၁၉၅၅ ခုနှစ်မှစတင်၍ နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင်(၆၈)နှစ်သို့ ရောက်ရှိတော့မည်ဖြစ်ရာ ကရင်ပြည်နယ်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာနှင့် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၂/၂၀၂၃) ကို စက်တင်ဘာ ၂၉ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်အတွင်း ကရင်တိုင်းရင်းသားများနှင့်အတူ ရှမ်း၊ ပအိုဝ်း၊ ဗမာ၊ မွန် အစရှိသော တိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးစွာ အတူတကွ ယှဉ်တွဲနေထိုင်လျက်ရှိပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ တန်ဖိုးမဖြတ်နိုင်သော ရိုးရာဓလေ့များကို ဂုဏ်ယူဖွယ်ပိုင်ဆိုင်သော ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ (၆၈) နှစ်မြောက် ကရင်ပြည်နယ်နေ့ အခမ်းအနားကို အနှစ်သာရပြည့်ဝစွာနှင့် စည်ကားအောင်မြင်စွာ ကျင်းပနိုင်ရေး စီမံခန့်ခွဲမှု ကော်မတီနှင့် အထောက်အကူပြု ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး အထောက်အကူပြု လုပ်ငန်းကော်မတီများက မိမိတို့ ဆောင်ရွက်ရမည့် ကဏ္ဍများအလိုက် ကြိုတင်စီမံဆောင်ရွက်ထားမှုအခြေအနေကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းတင်ပြပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ အထောက်အကူပြု လုပ်ငန်းကော်မတီ ၁၆ခုမှ အတွင်းရေးမှူးများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက ကရင်ပြည်နယ်နေ့ အခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ကရင်ရိုးရာဒုံးအကပြိုင်ပွဲ၊ ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ရိုးရာလှေလှော်ပြိုင်ပွဲ၊ သစ်သီးဝလံနှင့် ပန်းမန်ပြိုင်ပွဲ၊ ဒေသအစားအစာနှင့်ဈေးရောင်းပွဲ၊ ပျော်ပွဲရွှင်ပွဲများ၊ ဌာနဆိုင်ရာများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလုပ်ငန်း(MSMEs) လုပ်ငန်းရှင်များ၏ ပြခန်း၊ ပြကွက်များ ထည့်သွင်းကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ပြည်နယ် ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာများနှင့်အတူ နေပြည်တော်တွင် ကျင်းပမည့် ၂၀၂၃ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်လက်ဝှေ့ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စခန်းသွင်း လေ့ကျင့်နေသော ကရင်ပြည် နယ်လက်ဝှေ့အသင်းမှ အားကစားသမားများအား ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ တွေ့ဆုံအားပေး၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

(ပြန်/ဆက်)

မြန်မာ့အလင်း

စနေ၊ စက်တင်ဘာ ၃၀၊ ၂၀၂၃

# နှလုံးနှင့်သွေးကြောရောဂါများကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်လူဦးရေ ၂၀ ဒသမ ၅ သန်းကျော် သေဆုံးလျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၉**

၂၀၂၃ ခုနှစ် **"ကမ္ဘာ့နှလုံးကျန်းမာရေးနေ့"** အထိမ်းအမှတ် အခမ်းအနားကို နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ (B) ရုံ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် နှလုံးနှင့်သွေးကြောရောဂါများကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်လူဦးရေ ၂၀ ဒသမ ၅ သန်းကျော် သေဆုံးလျက်ရှိပါကြောင်း၊ အဆိုပါသေဆုံးမှုများ၏ ၈၅ ရာခိုင်နှုန်းသည် နှလုံးသွေးကြောပိတ်ခြင်းကြောင့် ရုတ်တရက်နှလုံးရပ်၍ သေဆုံးခြင်း (Heart Attack) နှင့် ဦးနှောက်သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပေါက်ခြင်း၊ လေဖြတ်ခြင်းတို့ကြောင့် သေဆုံးနေရခြင်းကို တွေ့ရှိရပါကြောင်း၊ ကျန်းမာရေးနှင့် မညီညွတ်သည့် အစားအသောက်များကို စားသုံးခြင်း၊ ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက် ပစ္စည်းများသုံးစွဲခြင်းနှင့် အရက်အလွန်အကျွံသောက်သုံးခြင်းတို့သည် နှလုံးနှင့်သွေးကြောရောဂါများ ဖြစ်ပွားစေသည့် အဓိက အကြောင်းရင်းများ ဖြစ်ပါကြောင်း။

ယခုနှစ် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ်မှာ **"နှလုံးအစဉ်ကျန်းမာဖို့ အသိသတိဖြင့် ဆင်ခြင်စောင့်ရှောက်စို့"** ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်ဖြစ်သည့် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ကို ပြည့်မီအောင် ဆောင်ရွက်ရာတွင် ပြည်သူတစ်ရပ်လုံးက မိမိတို့ကျန်းမာရေးကို အသိသတိဖြင့် ထိန်းသိမ်းစောင့်ရှောက်ရန်အချက်သည် လွန်စွာအရေးကြီးသည့် အချက်ဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နှလုံးနှင့်သွေးကြောရောဂါများအပါအဝင် အခြားမကူးစက်နိုင်သော ရောဂါများ ဖြစ်ပွားသေဆုံးမှုကို လျှော့ချနိုင်ရေးအတွက် မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၃–၂၀၂၇) ကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ကျေးလက်ကျန်းမာရေးဌာနခွဲအဆင့်မှစ၍ မကူးစက်နိုင်သော ရောဂါများ စစ်ဆေးကုသနိုင်သည့် ဆေးခန်းပေါင်း ၇၄၇၆ ခုကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖွင့်လှစ်၍ စစ်ဆေးကုသပေးလျက်ရှိပြီး ကုသမှုအတွက် လိုအပ်သော အခြေခံနှလုံး၊ သွေးတိုး၊ ဆီးချိုရောဂါများ ကုသသည့် ဆေးနှင့်ဆေးပစ္စည်းများကိုလည်း ပြည်သူများအတွက် နိုင်ငံတော်မှ အခမဲ့ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများတွင် နှလုံးရောဂါလူနာများအတွက် ခေတ်မီစက်ကိရိယာ၊ နည်းပညာများအသုံးပြု၍ ကျွမ်းကျင်အထူးကုဆရာဝန်ကြီးများက ကုသမှုပေးလျက်ရှိပါကြောင်း၊ ခေတ်မီကုထုံးများနှင့် နည်းပညာပိုင်းဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ အရှေ့တောင်အာရှ ဒေသတွင်းအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ဆေးရုံကြီးများတွင် နှလုံးအထူးကြပ်မတ်ကုသဆောင် (Coronary Care Unit) များဖွင့်လှစ်ရန် စီစဉ်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကမ္ဘာ့နှလုံးကျန်းမာရေးနေ့အထိမ်းအမှတ် အခမ်းအနားပြခန်းကို လှည့်လည်ကြည့်ရှုပြီး နှလုံးကျန်းမာရေး စစ်ဆေးပေးခြင်း ဒုတိယနေ့ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ (ဓာတ်ပုံ)

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံဆရာဝန်အသင်းတို့မှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံနှလုံးဆေးပညာရှင်များအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နေပြည်တော်ပြည်ထောင်စုနယ်မြေအတွင်းရှိ ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့် ပါမောက္ခ/ဌာနမှူးများ၊ အစိုးရမဟုတ်သော မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ တော်သလင်းလပြည့်နေ့ မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးလာသူ နှစ်သောင်းကျော်ထိရှိ

**ညောင်ဦး စက်တင်ဘာ ၂၉**

တော်သလင်းလပြည့်(ဂရုဓမ္မအခါတော်) နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ပုဂံ – ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှု နယ်မြေသို့ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားလျက်ရှိကာ ဘုရားဖူးလာရောက်သူ နှစ်သောင်းကျော်ခန့် လာရောက်ဖူးမြော်လျက်ရှိကြောင်း သိရသည်။

ပုဂံ – ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဂေါပကထားရှိသည့် ဘုရား ၁၉ ဆူအား ဝါတွင်းကာလ၌ နံနက် ၅နာရီမှ ည ၇ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ တော်သလင်းလပြည့်နေ့တွင် မြန်မာပြည်အရပ်ရပ်မှ ခရီးသွားဘုရားဖူးများ လာရောက်သူ များပြားလျက်ရှိရာ မြင်းလှည်း အငှားလိုက်သူများ၊ E-Bike၊ မီနီအိုးဝေ အငှားလိုက်သူများ၊ ပြည်တွင်းဧည့်လမ်းညွှန်များ၊ စားသောက်ဆိုင်များ၊ လက်ရေးပန်းချီဆွဲသူများ အလုပ်အကိုင်များ ကောင်းနေကြကာ ဟိုတယ်၊ တည်းခိုခန်းများတွင်လည်း ခရီးသွားဘုရားဖူး ဝင်ရောက်မှု များပြားခဲ့ကြောင်း သိရသည်။

**ဒီပါလင်း**

○ *ကျောဖုံးမှ*

ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းသို့ ရောက်ရှိခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နောက် ၄၈ နာရီအတွင်း အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိနိုင်ပြီး အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အနောက်ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

သို့ဖြစ်ပါ၍ ယနေ့ညမှ အောက်တိုဘာ ၃ ရက်အတွင်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့် ရှိနိုင်သည်။

ယနေ့ညမှ အောက်တိုဘာ ၃ ရက်အတွင်း ကမ်းရိုးတန်းဒေသများတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

❖ *ကျောဖုံးမှ*

တွေ့ဆုံမှုမှာ ပဲလေ့စ်အသင်းအနေနဲ့ အဲ့ဒီရှုံးကြေး ပြန်ဆပ်ကာ ရလဒ်ကောင်း ရရှိသွားမလား သို့မဟုတ် ရှုံးပွဲထပ်မံကြုံတွေ့သွားမလား စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်ကို စနေနေ့ ည ၈ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

**နယူးကာဆယ်နဲ့ ဘန်လေ**

နယူးကာဆယ်က ပြီးခဲ့တဲ့ လိဂ်ပွဲမှာ ရှက်ဖီးကို အံ့အားသင့်ဖွယ်ဂိုးပြတ် အနိုင်ရရှိထားတာကြောင့် ခြေစွမ်းထက်မြက်နေတယ်။ ဘန်လေအသင်းက လိဂ် ငါးပွဲကစားပြီးခဲ့သည့်တိုင် နိုင်ပွဲမရရှိသေးတာကြောင့် ယခုပွဲစဉ်မှာ ပထမဆုံး လိဂ်နိုင်ပွဲရရှိရေး အားစိုက်ကစားလာမှာ သေချာတယ်။ ဒီပွဲစဉ်ကိုလည်း စနေနေ့ ည ၈ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာပါ။

**စပါးနဲ့ လီဗာပူး**

ခြေစွမ်းထက်နေတဲ့ အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်တဲ့အပြင် နှစ်သင်းကြား ရမှတ်ကွာဟမှုကလည်း ကျဉ်းမြောင်းနေတာကြောင့် ယခုပွဲစဉ်က ယခင်ပွဲစဉ်တွေထက် ပြိုင်ဆိုင်မှုပိုပြင်းထန်လာမှာသေချာတယ်။ ဒီနှစ်သင်းတွေ့ဆုံတိုင်း အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရလေ့ရှိတယ်။ ဒီပွဲစဉ်ကို စနေနေ့ ည ၁၁ နာရီမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။

**မိုးစက်**

❑ *ကျောဖုံးမှ*

အပေါက်ပါခြင်း (Atrial Septal Defect–ASD)၊ နှလုံးအောက်ခန်းတွင် အပေါက်ပါခြင်း(Ventricular Septal Defect–VSD)၊ နှလုံးမှ အဆုတ်သို့သွားသော သွေးကြောရှိ အဆို့ရှင်ကျဉ်းခြင်း(Pulmonary Stenosis) စသည့်မွေးရာပါနှလုံးရောဂါ လူနာရှာဖွေခြင်းကို လက်တွေ့နှလုံး တီဗွီဓာတ်မှန် (Echocar–diogram) ကြည့်ရှုစစ်ဆေးပြီး နှလုံးခွဲစိတ်ကုသခြင်း သို့မဟုတ် Device closure နည်းလမ်းဖြင့် ကုသခြင်းတို့ကို ဆွေးနွေးခဲ့ကြသည်။

မွေးရာပါနှလုံးရောဂါ လူနာများအနက် ၃၄ ဦးကို အောင်မြင်စွာ ကုသပေးနိုင်ခဲ့ပြီး နှစ်ရက်တာကာလအတွင်း နှလုံးအပေါ်ခန်းတွင် အပေါက်ပါသောလူနာ၂၁ ဦး၊ နှလုံးအောက်ခန်းတွင် အပေါက်ပါသော လူနာနှစ်ဦး၊ နှလုံးမှ အဆုတ်သို့သွားသော သွေးကြောရှိ အဆို့ရှင်ကျဉ်းလူနာလေးဦးနှင့် နှလုံးသွေးကြောမကြီးနှင့် အဆုတ်သွေးကြောမကြီး ဆက်နေသောလူနာ (PDA) ခုနစ်ဦးတို့ကို ကုသပေးနိုင်ခဲ့ခြင်း ဖြစ်ကာ ခွဲစိတ်စရာမလိုဘဲ ပေါင်ခြံသွေးကြောမှတစ်ဆင့် အပေါက်ပိတ်စက်ကိရိယာဖြင့် ထုံဆေးဖြင့်ပိတ်ခြင်း (Device closure) နည်းလမ်းဖြင့် အောင်မြင်စွာ ကုသပေးနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## “ပြည်သူ့ရဲ”

✳ ပြည်ထဲအရေး ပေါက်နဲ့ကျေးဟု
ရှေးကဝိမွန် ဆိုမိန့်သွန်သည်
လွန်စွာသိမ်မွေ့ ထုံးဓလေ့နှင့်
စေ့ငကုံလုံ ဥပဒေစုံကို
ခံမင်မှတ်စွဲ ပြည်သူ့ရဲ။

✳ ခိုးဆိုးလုယက် အကြမ်းဖက်ကို
သက်စွန့်ကြိုးပမ်း တပ်နဲ့ထမ်းကာ
လမ်းပန်းသာရေး စောင့်ရှောက်ပေးလျက်
လေးစားပြည်သူ ဦးထိပ်မူ၍
ကူညီအမြဲ ပြည်သူ့ရဲ။

✳ နေ့ညမနား ပြည်သူ့သားသည်
လားခဲ့နှစ်စစ် ခြောက်ဆယ်ဖြစ်ရန်
တစ်ခုသာလို ခုချိန်ဆိုလျှင်
ပိုပြည့်လျှံပယ် အားမာန်ကြွယ်၍
ထည်ဝါဝံ့ဆဲ ပြည်သူ့ရဲ။

✳ တပ်အရန်အား ပြည့်ချစ်သားဟု
ထားစံသတ်မှတ် ဂုဏ်တစ်ရပ်ကြောင့်
မြတ်လုစိတ်ကဲ ပြည်သူ့ရဲသည်
သည်းနှလုံးဖြူ မွေးကြူကြူကို
ခြူသံလွင့်ဝေ ပြနိုင်စေ။ ။

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုလျက်…

ညိုဝင်း(ချစ်မြေ)



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး တင်ဇော်ထွန်း ဦးစီးသည့် အရာရှိ၊ တပ်ဖွဲ့ဝင်များ၊ လက်ရုံးတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများစုပေါင်း၍ စက်တင်ဘာလ နောက်ဆုံးပတ်က ပုသိမ်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။ ပုသိမ်လှကြည်

## နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သောအဖွဲ့ ပျဉ်းမနားမြို့နယ်အတွင်းရှိ ဘို့မသံတောင်ကျေးရွာ၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်



**နေပြည်တော် စက်တင်ဘာ ၂၉**

နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ရန် ပျဉ်းမနားမြို့နယ် ဘို့မသံတောင်ကျေးရွာ၌ ရောက်ရှိနေသည့် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင် ဦးစီးသည့် ဌာနဆိုင်ရာများပါဝင်သော အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ထောက်ပံ့ရေးပစ္စည်းများ၊ ပန်းခင်းစီမံချက်အရ ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ပေးအပ်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်သည် ဘို့မသံတောင်ကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းသို့ သွားရောက်ကာ ပျဉ်းမနား တောင်ပေါ်ဒေသ ကျေးရွာများရှိ အခြေခံပညာကျောင်းများ၌ တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဆရာ ဆရာမများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စာပေသင်ကြားသင်ယူနေမှု အခြေအနေများကို မေးမြန်းကာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ကျောင်းသားကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုတို့ကို ကြည့်ရှုအားပေးကာ ကျောင်းသားကျောင်းသူများအနေဖြင့် မိမိတို့ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူကြရန် မှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် ဘို့မသံတောင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျန်းမာရေးဝန်ကြီးဌာန၊ နေပြည်တော်ကုသရေးဦးစီးဌာန နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် အခြေအနေ၊ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေး ထိုးနှံပေးနေမှုနှင့် ပျဉ်းမနားမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ပန်းခင်းစီမံချက် (၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် နေပြည်တော် ကောင်စီအဖွဲ့ဝင်နှင့် အဖွဲ့သည် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားခရိုင် ဘို့မကျေးရွာအုပ်စု ဘို့မသံတောင်ကျေးရွာရှိ ကရင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာခွဲတာဝန်ခံများ၊ ဆရာဆရာမများ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နေပြည်တော်ကောင်စီအဖွဲ့ဝင်က မိမိဦးဆောင်သည့်အဖွဲ့သည် ဘို့မသံတောင်ကျေးရွာအတွင်းရှိ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်ရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ ယခုခရီးစဉ်အတွင်း ပြည်ထောင်ကိုးကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာအချို့ကို ရာနှုန်းပြည့် လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့ပြီး လျှပ်စစ်မီးရရှိရန် ကျန်ရှိသည့် ပြည်ထောင်ကိုးကျေးရွာအုပ်စု၊ ဘန်ဘားကျေးရွာအုပ်စုနှင့် ဘို့မကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာများကိုလည်း ဘဏ္ဍာရေးနှစ်များအလိုက် လျာထားကာ လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

လာမည့် ဘဏ္ဍာရေးနှစ်တွင် သစ်တွန်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာကိုးရွာကို လျှပ်စစ်မီး ရရှိနိုင်ရေးအတွက် လျာထားဆောင်ရွက်လျက် ရှိကြောင်း၊ တောင်ပေါ်ဒေသ ကျေးရွာများသည် သာယာလှပသည့်အတွက် ပြည်တွင်း/ပြည်ပ ခရီးသွားများ လာရောက် လည်ပတ်နိုင်ရေးအတွက် ပြည်သူလူထု အခြေပြုခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နယ်မြေတည်ငြိမ်အေးချမ်းလုံခြုံရေးသည်လည်း အရေးကြီးသည့်အတွက် အစိုးရ၊ တပ်မတော်နှင့် ပြည်သူလူထု တစ်သားတည်းရှိရန်နှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ဘို့မကျေးရွာအုပ်စု ဘို့မသံတောင်ကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များအတွက် ပန်းပေါင်းစုံ ဘုရားဆင်းတုတော်များ၊ ကရင်နှစ်ခြင်းခရစ်ယာန် ဘုရားကျောင်းအတွက် ထောက်ပံ့ငွေများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများ၊ ကျောင်းသုံး စာရေးကိရိယာများ၊ သုတရသစာအုပ်များ၊ ဆေးစိမ်ခြင်ထောင်များ၊ ဆေးဝါးများ၊ မျိုးစေ့များ၊ First Aid Kid များနှင့် ပန်းခင်းစီမံချက်(၂) ဖြင့် ဆောင်ရွက်ပေးသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့ကို ထောက်ပံ့လှူဒါန်းပေးအပ်ကြရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာခွဲတာဝန်ခံများ၊ ရပ်မိရပ်ဖများ၊ ဆရာဆရာမများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များက လက်ခံရယူကြသည်။

ထို့နောက် ဘို့မကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံတိုင်းရင်းသား ပြည်သူများက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးစေလိုသည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ဌာနဆိုင်ရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဖြည့်ဆည်း ဆောင်ရွက်ပေးမည့် လုပ်ငန်းအစီအစဉ်များကို ပြန်လည်ရှင်းလင်း ဆွေးနွေးကြပြီး ဘို့မသံတောင်ကျေးရွာ ဒေသခံတိုင်းရင်းသား ပြည်သူလူထုကိုယ်စား ကရင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ သိက္ခာတော်ရဆရာ ဦးစောဆဲနေမှူးက ကျေးဇူးတင်စကားပြောကြားကာ နေပြည်တော်ကောင်စီဝင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဝင်နှင့်အဖွဲ့သည် ဘို့မသံတောင် သာသနာ့ရောင်ခြည်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဩဘာသထံ ဆန်၊ ဆီ၊ ငါးပိ၊ ငါးခြောက်၊ ခေါက်ဆွဲခြောက်၊ ဆေးဝါးများ၊ မိုးကာအင်္ကျီ၊ နဝကမ္မအလှူငွေနှင့် ကော်ဇောလိပ်တို့ကို ဆက်ကပ်လှူဒါန်းကြသည်။

**သတင်းစဉ်**

## မှုကြိုကျောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီး

**လှိုင်းဘွဲ့ စက်တင်ဘာ ၂၉**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ထန်းတပင်ကျေးရွာအုပ်စု ထန်းတပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် မူကြိုကျောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၂၉ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောကျော်နိုင်ထွန်းနှင့် တာဝန်ရှိသူများသည် ထန်းတပင်ကျေးရွာ ကော်မတီဝင်များနှင့်အတူ အလျား ပေ ၃၀၊ အကျယ် ၁၅ ပေ၊ အမြင့် ၁၂ ပေရှိ မူကြိုကျောင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

ဆက်လူ

◆ *ကျောဖုံးမှ*

ဆုမွန်အောင်၊ သုံးယောက်တွဲ အမျိုးသမီးပြိုင်ပွဲတွင် ဖြူဖြူသန်း၊ ခင်နှင်းဝေ၊ ယမုံဇင်၊ ခင်ပပလှိုင်၊ ဆုမွန်အောင်တို့ ယှဉ်ပြိုင်မည်ဖြစ်သည်။ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် လာအို၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် ဖိလစ်ပိုင်၊ ထိုင်း၊ အင်ဒိုနီးရှား၊ အမျိုးသမီးလေးယောက်တွဲ ပြိုင်ပွဲတွင် မြန်မာအသင်းသည် ဗီယက်နမ်၊ ဂျပန်၊ အင်ဒိုနီးရှား၊ အမျိုးသမီး သုံးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် တောင်ကိုရီးယား၊ ထိုင်းအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။

လေးယောက်တွဲပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၄ ရက်၊ သုံးယောက်တွဲပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၂၉** - မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ထားဝယ်မြို့တွင် ၆ ဒသမ ၁၉ လက်မ၊ ရေးမြို့တွင် ၆ ဒသမ ၁၄ လက်မ၊ လောင်းလုံးမြို့တွင် ၅ ဒသမ ၆၇ လက်မ၊ ခရမ်းမြို့တွင် ၃ ဒသမ ၅၁ လက်မ၊ ဘုရားသုံးဆူမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ အင်္ဂပူမြို့တွင် ၂ ဒသမ ၉၀ လက်မ၊ ရန်ကုန်(မရမ်းကုန်းမြို့နယ်)တွင် ၂ ဒသမ ၈၄ လက်မ၊ ကိုကိုးကျွန်းမြို့နှင့် ကျောင်းကုန်းမြို့တို့တွင် ၂ ဒသမ ၈၀ လက်မစီနှင့် မြိတ်မြို့တွင် ၂ ဒသမ ၆၀ လက်မတို့ဖြစ်ကြသည်။ **မိုး/ဧလ**

# ဉာဏ်မျက်စိပွင့်စေတဲ့ကျောင်းတွေ မြန်မာ့မြေပေါ်မှာ ပြည့်လျှမ်းနေပါမှ ...

ဒေါက်တာမောင်သင်း

> ❖ စာအုပ်ထဲမှသင်ခန်းစာသည် စာမေးပွဲတွင် အဆုံးသတ်ခဲ့သည့် အဖြစ်မျိုးမဟုတ်ပါ။ "ကျောင်းနံရံ" ထဲတွင်သာ ချန်ထားခဲ့ရန်မဟုတ်ပါ။ ဥပမာအားဖြင့် ဆရာ ဆရာမက ကျောင်းသင်ခန်းစာကို မှတ်စုထုတ်ပေး၊ အလွတ်ကျက်စေ၊ ပြီးလျှင် "၍" "၏" "သည်" မှားလျှင်ပင် အမှတ်လျှော့ခံရတာမျိုး ပါ။ ယင်းမှာ ကလေးများ၏ဉာဏ်အမြင်ကို ပိတ်စေသော သင်ပုံမျိုးပါ။ မိမိသင်ပေးသည့် သင်ခန်းစာကို ပတ်ဝန်းကျင်နှင့်ယှဉ်ပြီး အသုံးချမှုမပါ။ ထိုအစားသာဓကအားဖြင့် "သင်တွေ့ဖူးသော ပန်းငါးမျိုးကို ပြောပြပါ" ဆိုသည့် မေးခွန်းပါ။ စာမေးပွဲဖြေရန်၊ အမှတ်ရရန် သက်သက် မဟုတ်တော့ပါ။ ထို့အတွက်ကလေးသည် မိမိပတ်ဝန်းကျင်တွင် သူမြင်ဖူးသော ပန်းငါးမျိုးဖြေနိုင်ပါ သည်။ အတန်းထဲမှ ကလေး ၂၀ ၏ အဖြေသည် အမျိုး ၂၀ ဖြစ်နိုင်ပါသည်

**(ယမန်နေ့မှအဆက်)**

သင်ရိုးကို ပညာရှင်များ ရေးဆွဲခဲ့စဉ်က "သိ" ဖို့ သက်သက်လောက်သာ ရပ်တန့်ထားရန် မဟုတ်ပါ။ မိမိဝန်းကျင်၌ ဆက်လက် "အသုံးချ" တတ်ရန်အဓိကပါ။ အသုံးချသည် ဆိုရာတွင်လည်း "စာမေးပွဲမှာဖြေဖို့" ဟု နိမ့်နိမ့်ကျကျ မမှတ်ယူသင့်ပါ။ လူတစ်ဦးချင်းစီ၏ ဘဝအောင်မြင်ရေးနှင့် လူ့အဖွဲ့အစည်း ဖွံ့ဖြိုးရေးအတွက် အသုံးချရန်ပါ။ ဆိုလိုသည်မှာ စာအုပ်ထဲမှသင်ခန်းစာသည် စာမေးပွဲတွင် အဆုံးသတ်ခဲ့သည့် အဖြစ်မျိုး မဟုတ်ပါ။ "ကျောင်းနံရံ" ထဲတွင်သာ ချန်ထားခဲ့ရန် မဟုတ်ပါ။

**ဉာဏ်မျက်စိ ဖွင့်ပေးသည့်ကျောင်း**

ဥပမာအားဖြင့် ဆရာ ဆရာမက ကျောင်းသင်ခန်းစာကို မှတ်စုထုတ်ပေး၊ အလွတ်ကျက်စေ၊ ပြီးလျှင် "၍" "၏" "သည်" မှားလျှင်ပင် အမှတ်လျှော့ခံရတာမျိုးပါ။ ယင်းမှာ ကလေးများ၏ ဉာဏ်အမြင်ကို ပိတ်စေသော သင်ပုံမျိုးပါ။ မိမိသင်ပေးသည့် သင်ခန်းစာကို ပတ်ဝန်းကျင်နှင့်ယှဉ်ပြီး အသုံးချမှုမပါ။ ထိုအစား သာဓကအားဖြင့် "သင်တွေ့ဖူးသော ပန်းငါးမျိုးကို ပြောပြပါ" ဆိုသည့် မေးခွန်းပါ။ စာမေးပွဲဖြေရန်၊ အမှတ်ရရန် သက်သက်မဟုတ်တော့ပါ။ ထို့အတွက် ကလေးသည် မိမိပတ်ဝန်းကျင်တွင် သူမြင်ဖူးသော ပန်းငါးမျိုး ဖြေနိုင်ပါသည်။ အတန်းထဲမှ ကလေး ၂၀ ၏ အဖြေသည် အမျိုး ၂၀ ဖြစ်နိုင်ပါသည်။ ကွဲပြားသော်လည်း "ပန်း" အမည်ငါးမျိုးဖြစ်လျှင် မှန်ပါသည်။ အားလုံးမတူနိုင်ပါ။ ထို့အတူ အပင်ငါးပင်၊ တိရစ္ဆာန်ငါးကောင်ဆိုသည်မျိုး မေးနိုင်ပါသည်။ ကလေး၏ ဉာဏ်အမြင်ကို အမြဲတမ်းပွင့်နေအောင် လုပ်ပေး၊ သင်ပေးသည့်ကျောင်းကို ဉာဏ်မျက်စိ ဖွင့်ပေးသည့်ကျောင်းဟု ခေါ်ပါသည်။

**ဉာဏ်အမြင်အာရုံကို ပိတ်လိုက်ခြင်း**

ကလေး၏ပတ်ဝန်းကျင်ကို ကြည့်တတ်၊ မြင်တတ်မှ အမှတ်ရသည်ဆိုသည့် ဆွဲဆောင်မှုဖြင့် မိမိဝန်းကျင်ကို မြင်တတ်၊ ကြည့်တတ်သော အလေ့အကျင့်ရအောင် လက်တွေ့လေ့ကျင့်ပေးခြင်းပါ။ ထိုသဘောမျိုးမဟုတ်ဘဲ ဆရာမက ပန်းအမည်ငါးမျိုး၊ အပင်ငါးပင်နှင့် တိရစ္ဆာန်ငါးကောင်ရေးပေး၊ အဲဒါကို အလွတ်ကျက်၊ စာမေးပွဲမှာပြန်ရေးခဲ့လျှင် ကလေးများ၏ စာကိုအခြေခံပြီး ပတ်ဝန်းကျင်ကို ကြည့်တတ်၊ မြင်တတ်သည့် ဉာဏ်အမြင်အာရုံကို ပိတ်လိုက်ခြင်း ဖြစ်ပါသည်။ စာအုပ်ဘောင်ကိုကျော်၍ မြင်နိုင်စွမ်းမရှိအောင်၊ ကျောင်းအခန်း၊ သင်ခန်းစာများထက် ပိုမမြင်အောင် ပိတ်လှောင်ခံလိုက်ရပါသည်။ စာဖြင့် ပိတ်လှောင်ခံရသည့်အတွက် အပြင်ကို မမြင်တော့ပါ။ မိမိပတ်ဝန်းကျင်ကို မြင်နိုင်စွမ်းမရှိသည့်နေရာ၊ ယင်းသို့ဖြစ်အောင် လေ့ကျင့်ပေးနေသည့် ကျောင်းသည် ကျောင်းအပြင်က အကျဉ်းထောင်နှင့် ဘာများထူးပါသေးသလဲ။

**"ဉာဏ်အမြင်ကို ပိတ်စေသော ကျောင်း"**၊ တစ်နည်းအားဖြင့် **"ပိတ်နေသောကျောင်း"**၊ **"သင်ခန်းစာမှလွဲ၍ ဘာမှမြင်အောင်မလုပ်ပေး၊ လေ့ကျင့်မပေးသောကျောင်း"** သည်လည်း နံရံလေးဖက်ကာရံထားသော "ထောင်" ကဲ့သို့ ဖြစ်နေပါလိမ့်မည်။ ထောင်ကျခံရသူကမှ အချိန်တန်လျှင် ထောင်မှလွတ်ကာ ပြင်ပကို မြင်နိုင်စွမ်းရှိပါသေးသည်။ ဦးနှောက်အမြင် ပိတ်ခံရလိုက်သူမှာ လူ့လောက ဟင်းလင်းပြင်ကြီးထဲနေပြီး လူ့အဖွဲ့အစည်း၏ ကောင်းကျိုးသယ်ပိုးမှုကို မြင်အောင်မကြည့်တတ်သူဘဝဖြင့် အသက်ရှင်သန်နေရပါလိမ့်မည်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက နံနက်အိပ်ရာကထလျှင် မျက်နှာမသစ်ခင် မီးမွှေး၊ ဆန်ဆေး၊ ထမင်းအိုးတစ်လုံးတည်၊ ပြီးလျှင်မျက်နှာသစ်၊ ဈေးက အမေ့ဆိုင်သွား၍ ဝိုင်းကူဖွင့်ပေးပါသည်။ ပြီးလျှင် အိမ်သုံးရန် ရေဝိုင်းခပ်သည်။ ယင်းအလုပ်များပြီးမှ ရေချိုး၊ ကျောင်းသွားပါသည်။ ရွာမှာနေတုန်းကဆိုလျှင် ကျွဲ၊ နွားကို စားကျက်လွှတ်ပေးရသည်။ လွှတ်မရသည့် မိုးရာသီ (ကျွန်တော်တို့ရွာက မိုးတွင်းဆို ရေလွှမ်းသည်မို့ ကျွဲ၊ နွားလွှတ်ကျောင်း၍မရပါ) ဆိုလျှင် နွားစာကျွေး၊ နွားတင်းကုပ်သန့်ရှင်းရေး လုပ်ရပါသည်။ (နွားချေးကျုံး၊ နွားသေးရှိသည့်နေရာ ရေဆေး ပြာဖုံးပါ) ထို့နောက် ရေမိုးချိုး၊ လွယ်အိတ်လေးလွယ်၊ ကျောင်းသွားပါသည်။

ညနေကျောင်းဆင်းလျှင် လွယ်အိတ်ချ၊ ဘောလုံးကွင်းပြေး၊ ကစားသည့်နေရာမှ ပြန်ရောက်လျှင် ကျွဲ၊ နွားများကို ချည်တိုင်တွင်ချည်၊ မိုးတွင်းတွင် ကျွဲ၊ နွားများခြင်၊ မှက်မကိုက်ရလေအောင် ကောက်ရိုးအစိုနှင့် မီးခိုးမှိုင်းတိုက်ရပါသည်။ ထို့နောက် ရေမိုးချိုး၊ ထမင်းစား၊ မီးခွက်နှင့် စာကြည့်ပါသည်။ မြို့ပြောင်းလာချိန်တွင် အထက်တွင်ပြောသကဲ့သို့ ဈေးထဲမှ အမေ့ဆိုင်ကို ဝိုင်းကူဖွင့်၊ ညနေတွင် ဘောလုံးကန်၊ အမေ့ဆိုင်ဝင်သိမ်း၊ ညနေစာ သုံးဆောင်၊ ပြီးလျှင် ရေမိုးချိုး၊ ထမင်းစား၊ စာကျက် စသည့် "မိဘကူတဲ့အကျင့်" ဘယ်ကရသလဲဆိုလျှင် သူငယ်တန်းဖတ်စာအုပ်ထဲက **"စောစောထ၊ သွားတိုက်၊ မျက်နှာသစ်၊ အိပ်ရာသိမ်း၊ အစာစား၊ ပလုတ်ကျင်း"** (ကျွန်တော်တို့ ငယ်ငယ်တုန်းက မပါပါ။ သိရတာက ၁၉၈၃ ခုနှစ်လောက်ကျမှ ဆရာကြီးဒေါက်တာအောင်ခင်ဆင့်က သွားခံတွင်းကျန်းမာရေးအတွက် အလိုအပ်ဆုံးအရာဟုဆိုပြီး ထည့်ခဲ့သည်ဟု မှတ်သားထားမိခဲ့ပါသည်။) **"အဝတ်လဲ၊ ကျောင်းသွား"** ပြီးလျှင် **"ကျောင်းပြန်၊ မိဘကူ၊ ကစား၊ ရေချိုး၊ ညစာစား၊ စာကြည့်၊ သွားတိုက်၊ အိပ်ရာဝင်"** ဆိုသည့် ကျောင်းသင်ခန်းစာမှရခြင်းပါ။

**သေသည်အထိ နေ့စဉ်အသုံးချရန်**

စောစောထကနေ အိပ်ရာဝင်ဆိုသည့် ဖတ်စာထဲမှစာသည် လက်တွေ့သုံးရမည့်အရာဖြစ်၍ အပြင်တွင် အသုံးချရန် ကျွန်တော်တို့၏ **"ငယ်ဆရာများ သင်ပေး၊ လေ့ကျင့်ပေးခဲ့ခြင်း"**ပါ။ သူငယ်တန်းဖတ်စာထဲမှ အထက်ပါအကြောင်းအရာများသည် အလွတ်ကျက်ပြီး စာမေးပွဲဖြေရန်အတွက် မဟုတ်ဘဲ လက်တွေ့ဘဝတွင် သေသည်အထိ နေ့စဉ်အသုံးချရန်ပါ၊ ကလေးတစ်ယောက် နေ့စဉ်အသုံးချမှု ရှိ/ မရှိ၊ ကျောင်းတက်တိုင်း ဆရာဆရာမက မေးနေ၊ စစ်ဆေးနေပြီး မိဘနှင့်ပူးပေါင်းကာ "ရေချိုး"၊ "အိပ်ရာသိမ်း"၊ "သွားတိုက်"၊ "မိဘကူ" သောအလေ့အကျင့်ကောင်းရအောင် လေ့ကျင့်ပေးရန်ဖြစ်ပါသည်။

သူငယ်တန်းဖတ်စာမှ ကျောင်းစာကို နေ့စဉ်ဘဝထဲရောက်စေရန် သယ်ယူလာခဲ့သည့် ကိုယ်တွေ့ ဥပမာလေးပါ။ အထက်ပါ သူငယ်တန်းဖတ်စာအုပ်ပါ အကြောင်းအရာများသည် ယနေ့ မြန်မာ့ပညာရေးတွင် စာမေးပွဲမေးရန် "စာ" ဟုမြင်ပြီး ပြန်ဆိုတတ်ရုံ၊ ရေးတတ်ရုံလောက်တွင်သာ အဆုံးမသတ်စေချင်ပါ။ လက်တွေ့ဘဝထဲအထိ သယ်ဆောင်သွားရမည့် "အကျင့်"ဟု သိအောင်၊ ခံယူသွားအောင်၊ အထုံဖြစ်သွားအောင် လေ့ကျင့်ပေးလိုက်ပါမှ ပညာရေး၏ အနှစ်သာရပေါ်လွင်ပေလိမ့်မည်။

ယနေ့ ပညာရေးပညာရှင်များ၏ လေ့လာချက်အရ "အိမ်မှာ မိဘကို ဝိုင်းကူလုပ်သော" ကလေးများသည် အတန်းကို ခေါင်းဆောင်နိုင်စွမ်းရှိပြီး စာတော်ကြသည်။ မိမိကိုယ်ကို ယုံကြည်မှုအပြည့်ရှိကြသည်။ ပေးအပ်သော တာဝန်ကို ကျေကျေပွန်ပွန်နှင့်ပြီးမြောက်အောင် ဆောင်ရွက်နိုင်စွမ်းရှိသည်ကို တွေ့ရသည်ဟုသိရသည်။ ကျောင်းတွင် ကာယအချိန်ရှိပါသည်။ ကာယအချိန်တိုင်းတွင်ကာယဆရာလာပြီး အားကစားနည်းတစ်ခုခု သို့မဟုတ် စုပေါင်းကိုယ်လက်လေ့ကျင့်ခန်းလုပ်ပါသည်။ တချို့ရက်များဆိုလျှင် ကျောင်းသားများကို ဘောလုံးကန်ခိုင်း၊ ဘော်လီဘောပုတ်ခိုင်း၊ ဘတ်စကက်ဘောလေ့ကျင့်ခိုင်းပါသည်။

အားကစားသည် ကလေးများ၏ ကျန်းမာရေး၊ ကာယ၊ ဉာဏစွမ်းရည် တက်စေပါသည်။ ကျောင်းတွင် ငူတူတူ ငိုင်တိုင်တိုင်နှင့်ဖြစ်ပြီး ညအခါတွင် အိပ်မပျော်ဖြစ်နေသည့် ကလေးများသည် ကစားချိန် ပြည့်ပြည့်ဝဝမရခဲ့သော ကလေးများဖြစ်ပါသည်။ ထိုကလေးများကို အချိန်လုံလုံလောက်လောက်ပေးပြီး ကစားခိုင်းသည့်အခါ ငူတူတူနှင့် အိပ်မပျော်ခြင်းများပျောက်ပြီး သွက်လက်လာကာ "စာ" လည်း ပိုတော်လာသကဲ့သို့ ကျောင်းတွင်လည်း လူဝင်ဆံ့၊ ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ထိရောက်စွာ ဦးဆောင်နိုင်သည်ကို တွေ့ရပါသည်ဟု ပညာရေးပညာရှင်များ၏ လေ့လာချက်အရ သိရပါသည်။

**"စာဒဏ်ပိ" မှုကို ခံရခြင်း**

ပြောင်းပြန်ရလဒ်မှာ စာချည်းပဲ လုပ်ခိုင်းခံနေရသည့် ကလေးများသည် ထုံထိုင်းပြီး ရောဂါဘယ ထူလာပါတော့သည်။ "စာဒဏ်ပိ" မှုကို ခံရခြင်းဟု မြင်မိပါသည်။ ကျောင်းသည် အကျဉ်းထောင်လို ဒဏ်ပေးပြီး လေ့ကျင့်သောအရပ် မဟုတ်ပါ။ ကလေးငယ်များ၏ အနာဂတ်တွင် ကြုံရမည့်လောကခံကို အသိတရားဦးဆောင်မှုဖြင့် ခံနိုင်ရည်ရှိရန် ကြိုတင်ပြင်ဆင်သည့် အရပ်ဖြစ်ပါသည်။ ကျောင်းဆိုသည့်အရပ်တွင် မည်သည့် ဒဏ်ပေးမှု၊ ဒဏ်ပိမှုကြောင့်မျှ ကလေးများ၏ ဗလငါးတန်ဖွံ့ဖြိုးမှု နှေးကွေးစေခြင်းမျိုးကို လုံးဝမလုပ်ဆောင်အပ်ပါ။

ယနေ့ ကျွန်တော်တို့ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် သာဓကများကို ကြည့်လျှင် နံနက်အိပ်ရာထသည်နှင့် ကလေးက ကျူရှင်သွား၊ ပြီးလျှင် ကျောင်းဆက်ပို့၊ ကျောင်းမှဆင်းလျှင် ကျူရှင်၊ ကျူရှင်ပြန်လာလျှင် "Guide" ဆိုသူနှင့် စာကြည့်၊ Guide က စာထပ်သင်ပေး၊ လေ့ကျင့်ခန်းများ ထပ်လုပ်ခိုင်း၊ ပြီးလျှင် အိပ်ရာဝင်။ ကလေးသည် နံနက်နိုးလာလျှင် ယခင်ကဲ့သို့ **"စာသံသရာ"** ထဲ ထပ်ပြီး ထည့်ခံရပြန်၊ ဤသို့ဖြင့် ကျောင်းနေသည့် ကလေးများသည် လူ့တန်ဖိုးအစစ်ကို မြင်နိုင်စွမ်းမရှိအောင် စာဖြင့် ပိတ်ပင်ခြင်းခံရပြီး ပတ်ဝန်းကျင်ကို လှမ်းကြည့်ခွင့်လည်းမရ၊ လူ့တန်ဖိုးအစစ် ပိုင်ဆိုင်ရန် လေ့ကျင့်ခွင့်လည်း မရတော့ပါ။

လူ့တန်ဖိုးအစစ် တပ်ဆင်ရန် အချိန်မပေးနိုင်တော့ပါ။ ထိုသို့ စာဖြင့် ပိတ်ထားသဖြင့် **"စာနံရံနှင့် ပိတ်လှောင်ခံရသူ"** ဘဝရောက်နေသော ကလေးများ ကျွန်တော်တို့ဝန်းကျင်တွင် ဒုနှင့်ဒေးပေါ်ထွန်းနေပါသည်။ ထို **"စာနံရံ"**၊ **"သင်ခန်းစာထောင်ချောက်ထဲ"**မှ ထွက်လာသောကလေးများသည် ဘွဲ့လက်မှတ်များ၊ အောင်လက်မှတ်များ မည်မျှပင်ရရ ထိုသူများတွင် **"လူ့တန်ဖိုးအစစ်အမှန်များဖြစ်သော ကျန်းမာရေး၊ စိတ်ခံတတ်ငြိမ် ရင့်ကျက်ဖွံ့ဖြိုးမှု၊ ကိုယ်ကျင့်တရားမြင့်မြတ်မှု၊ စာနာတတ်မှု၊ လူမှုဆက်ဆံရေးကောင်းမွန်မှု၊ စိတ်ထားနူးညံ့သိမ်မွေ့မှု၊ ပြဿနာကို ကျိုးကြောင်းခိုင်လုံစွာ ဖြေရှင်းနိုင်မှု၊ စရိုက်မတူသူများနှင့် ညီညွတ်စွာပူးပေါင်းဆောင်ရွက်တတ်မှု"** စသည့် လူ့တန်ဖိုး အနှစ်သာရများ ပါလာနိုင်ရန် အခွင့်အလမ်း အလွန်နည်းသွားပါလိမ့်မည်။

လူ့တန်ဖိုးအစစ်အမှန်များ မပါသောကလေးသည် မိမိပတ်ဝန်းကျင်ကို မည်ကဲ့သို့ ခေါင်းဆောင်နိုင်မည်နည်း။ **"လူတော်"** ဆိုသည့်စကားနှင့် **"စာတော်သူ"** သည် တခြားစီပင်။ စိတ်ခံတတ်ရေးရာ မြင့်မားမှုလည်း တော်သင့်ပါသည်။ စာသာတော်သည့် **"တံလျှပ်လူတော်"**ကို လူတော်ဟု ငယ်ငယ်တုန်းက ထင်ခဲ့သည်ကို ထိုအတန်းဖော်စာတော်သူများ ကြီးလာသောဘဝတွင် "လျော်သူများ"၊ "ဘဝစာမေးပွဲအလီလီမှာ ကျရှုံးသူများ" ဖြစ်နေသည်ကို တွေ့ရတော့မှပင် အမှတ်မှား၊ အထင်မှား ပျောက်ပါတော့သည်။ ကျောင်းသည် ကောင်းသောလူကောင်းများ ဖြစ်လာအောင် လေ့ကျင့်ရန် ပထမပါ။ ထိုကောင်းသောလူသားကို လောကကောင်းကျိုးသယ်ပိုးရာတွင် တော်သူဖြစ်အောင် စာအုပ်ကို နမူနာပြပြီး ထပ်ဆောင်းလေ့ကျင့်ပေးသည့်အရပ်ပါ။ ကျောင်းဆိုသည်မှာ "စာတော်"ရုံ သက်သက်ဆိုသည့် အဆင့်နိမ့်လူသား မွေးထုတ်သောအရပ် မဟုတ်ကြောင်း နိုင်ငံသားတိုင်း သတိပြုရပါလိမ့်မည်။ အချုပ်အားဖြင့် "တော်" "မတော်" ကို လောကကောင်းကျိုး သယ်ပိုး၊ မသယ်ပိုး ပေတံနှင့် တိုင်းကြည့်မှသာပင် သိနိုင်ပါသည်။

သာဓကလေးများ ပြချင်ပါသည်။ မြန်မာဆေးတက္ကသိုလ် တစ်ခုတွင် ဘွဲ့လွန်ကျောင်းသူနှစ်ဦးက အတန်းအတူတူပင်။ နှစ်ယောက်စလုံး စာတော်ပြီး ပထမနေရာ သူတစ်ပြန် ကိုယ်တစ်လှည့် ရနေကြကြောင်း သိရပါသည်။ တစ်ယောက်က သူ့စာပဲ အမြဲလုပ်ပြီး နံပါတ်တစ်နေရာရအောင် လုပ်နေသော်လည်း

*စာမျက်နှာ ၁၁ သို့*

# ကချင်ပြည်နယ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများပေါ်ထွန်းလာစေရန် စီမံချက်ဖြင့် ဆောင်ရွက်မည်

**မြစ်ကြီးနား စက်တင်ဘာ ၂၉**

ကချင်ပြည်နယ်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ (Clean & Green Schools) ပေါ်ထွန်းလာစေရေးနှင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းဆု (Clean & Green School Award) ချီးမြှင့်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စက်တင်ဘာ ၂၈ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က ကချင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများကို ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာ ဗဟုသုတကြွယ်ဝသောကျောင်းများ ဖြစ်ပေါ်လာစေရန်အတွက် ပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး ဟောပြောပွဲများကို ကဏ္ဍအလိုက် နှစ်စဉ်အရှိန်အဟုန်မပြတ် ကျင်းပပြုလုပ်လျက်ရှိသကဲ့သို့ ယခု ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ပေါ်ထွန်းလာစေရေးအတွက် လုပ်ငန်းများ ဖော်ဆောင်ရေးဆိုင်ရာ စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးဝင်းရဲထွန်းက ပြည်နယ်အဆင့် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်း အစီအစဉ်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် အခြေခံပညာကျောင်းများအား ကော်မတီဝင်များအနေဖြင့် ကူညီဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။



ဆက်လက်၍ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သန့်ရှင်း၍ စိမ်းလန်းစိုပြည်သောကျောင်းများ ပေါ်ထွန်းလာစေရေးနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ကချင်ပြည်နယ် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများဖော်ဆောင်ရေး စီမံခန့်ခွဲမှု ကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ပြည်နယ်အဆင့် ကော်မတီဝင်များက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

**ပြည်နယ် (ပြန်/ဆက်)**

## နေပြည်တော် ရှစ်မြို့နယ် ကျောင်းပေါင်းစုံ ခရစ်ကတ်အားကစား ပြိုင်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ခရစ်ကတ် အဖွဲ့ချုပ်တို့ ပူးပေါင်း၍ နေပြည်တော် ရှစ်မြို့နယ် အခြေခံပညာကျောင်းပေါင်းစုံ ခရစ်ကတ်အားကစားပြိုင်ပွဲကို ဇမ္ဗူသီရိမြို့နယ် အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၇ ရက်မှစ၍ ကျင်းပလျက်ရှိသည်။

အဆိုပါပြိုင်ပွဲကို စက်တင်ဘာ ၂၇ ရက်မှ အောက်တိုဘာ ၁ ရက်အထိ ငါးရက်ကြာ ကျင်းပမည်ဖြစ်ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ခရစ်ကတ်အဖွဲ့ချုပ် နည်းပြဆရာ တစ်ဦးဖြစ်သူ ဆရာမိုက်ကယ်ထံမှ သိရသည်။

ပြိုင်ပွဲတွင် နေပြည်တော် ရှစ်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အမျိုးသားအသင်းရှစ်သင်း၊ အမျိုးသမီးအသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကစားကြပြီး ခရစ်ကတ်အားကစားနည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် Level-A နည်းပြသင်တန်းနှင့် ဒိုင်သင်တန်းများကိုလည်း စက်တင်ဘာ ၂၁ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုပေါက် (ဥက္ကာမြေ)**

*စာမျက်နှာ ၁၀ မှ*

နောက်တစ်ဦးက သူတတ်သိထားသမျှ တခြားသူငယ်ချင်းများကို ရှင်းပြ၊ သင်ပေး၊ ဖြန့်ဝေပေးသည်။ ထိုသို့ ရှင်းပေး၊ သင်ပေးသည့်အတွက် သူ့ပညာရပ်ကို ပိုမှတ်မိပြီး သင်ပေး၊ ရှင်းပြပေးရခြင်းကို ပိုပျော်လာသည်။ သူ့ဘေးတွင် သူငယ်ချင်းများ တရုန်းရုန်းနှင့် ပျော်ကြရွှင်ကြ၊ ပြီးလျှင် စာမေးပွဲဖြေလျှင်လည်း သူငယ်ချင်းများကို အကြိမ်ကြိမ်ရှင်းပြထားသည်မို့ မှတ်မိကာ အရင်ကထက် ပိုပြီးဖြေနိုင်၊ စာမေးပွဲအမှတ်များ ထိပ်ဆုံးက ရပါသည်။ တစ်ဦးတည်း ကြိတ်ပြီး စာကျက်သောကလေးမထက် အမြဲသာလာပါတော့သည်။ ထိုအခါ သူ့စာပဲ သူလုပ်သော ကလေးမက ကြိတ်မနိုင်ခဲမရဖြစ်ပါတော့သည်။

ဤသို့ဖြင့် တစ်နေ့ သူငယ်ချင်းများကို စာရှင်းပြနေသော သူ့ထက်သာသူ မိန်းကလေးကို သူ့အခန်းထဲခေါ်ပြီး မျက်နှာကို "အက်စစ်" ဖြင့် ပက်ပါသည်။ ထိုအခါ သူလည်း အဖမ်းခံရ၊ ဆရာဝန်လည်း မဖြစ်ခဲ့ပါ။ အက်စစ်ဖြင့် အပက်ခံရသည့် မိန်းကလေးမှာ မျက်နှာတစ်ခုလုံး ပျက်စီးခဲ့ပါသည်။ အဆိုပါမျက်မမြင် ဆရာဝန်မလေးမှာ ကလေးအထူးကုဆရာဝန်အဖြစ် ကလေးများ၏ အသက်ကို ဆက်ပြီး ကယ်နေဆဲဟု သိရပါသည်။ စာလောက်သာ တော်သော်လည်း "**စိတ်ထားလျော်**"ခဲ့သူကြောင့် ပတ်ဝန်းကျင်မှ လူကောင်း၊ လူတော်တစ်ယောက် နစ်နာခဲ့ရခြင်းဖြစ်ပါသည်။ အဆိုပါဖြစ်ရပ်လေးကို သုံးသပ်ရပါက အက်စစ်ဖြင့် သူများကို ပက်ခဲ့သူသည် ဆေးတက္ကသိုလ် ရောက်လာသည်အထိ ဘဝ၏အောင်မြင်မှုဆိုသည်မှာ "ကျောင်းစာလှောင်ချိုင့်" သို့မဟုတ် "စာမေးပွဲရမှတ်"ထဲမှာပင် ရှိသည်ဟု ဉာဏ်မျက်စိမပွင့်သောအမြင်၏ ရလဒ်သာ ဖြစ်ပါသည်။ သူငယ်စဉ်က တက်ခဲ့သော ကျောင်းတွင် ကျောင်းစာဘောင်နှင့် ကျောင်းနံရံကိုကျော်ပြီး ဉာဏ်မျက်စိဖြင့် ကြည့်တတ်အောင် မသင်ခဲ့၊ မလေ့ကျင့်ခဲ့၍ဟု မြင်မိပါသည်။

### ဉာဏ်မျက်စိဖွင့်တတ်အောင် မသင်ပေးခဲ့သည့် ရလဒ်

ကျောင်းစာ တော်သော်လည်း ကျောင်းက ဉာဏ်မျက်စိဖွင့်တတ်အောင် မသင်ပေးခဲ့သည့် ရလဒ်ကြောင့် သူ့ကို ရိုးရိုးမျက်စိဖြင့် အကုန်ကြည့်ခွင့်မရအောင် လေးဖက်အုတ်နံရံများက ဆက်ကာရံခြင်းကို ခံရပါတော့သည်။ လူတော်ရန် စာတော်အောင်ကြိုးစားရင်း စိတ်ဓာတ်လျော့ခဲ့၍ ဘဝအကြောင်းမလှခဲ့ရခြင်းပါ။ ကျောင်းက လူ့တန်ဖိုးအစစ်များ ပြည့်ပြည့်စုံစုံ မဖြည့်ပေးခဲ့သည့် ရလဒ်ဟုမြင်မိပါသည်။ ထိုအဖြစ်မျိုးပေါင်း မြောက်မြားစွာရှိပါသည်။ ကျောင်းက လူကောင်းလေ့ကျင့်မှု အားနည်းပြီး စာဘောင်၊ စာနံရံအတွင်း ကြည့်ခြင်း သက်သက်လောက်သာ သင်ပေးခဲ့ကာ စာရသူများကို အမှတ်များများပေး၍ "**တော်သူ**" ဆိုပြီး "**တံလျှပ်လူတော်**" သာ မွေးထုတ်ခဲ့၍ဟု မြင်မိပါသည်။

အားလုံးကိုခြုံကြည့်လျှင် မိဘများနှင့် ဆရာများခင်ဗျာ၊ ကျွန်တော့် **ပထမမေးခွန်း**၏ အဖြေက ကျောင်းနှင့် ထောင်သည် ဆက်စပ်မှုရှိနေပါသည်။ ကျောင်းက လိမ္မာယဉ်ကျေးသူနှင့် လူကောင်းလူတော် အရည်အသွေးများ ပြည့်လာအောင်လေ့ကျင့်ပေးမှုအားနည်းလေလေ အကျဉ်းထောင်တံခါးပွင့်လေလေပါပဲ။ **ဒုတိယမေးခွန်း**၏အဖြေက ကျောင်းဆိုသည်မှာ စာသင်ခန်းမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ ထိုမှတစ်ဆင့် ကမ္ဘာကြီးကို လှမ်းကြည့်တတ်၊ မြင်တတ်အောင် အစပျိုးလေ့ကျင့်ပေးသည့်နေရာဖြစ်၍ ပိတ်ထားသောအကျဉ်းထောင်နှင့် မည်ကဲ့သို့မျှမတူပေ။ လုံးဝကွဲပြားခြားနားပါသည်။ ပြီးလျှင် ကျောင်းမှထွက်သူမှန်သမျှ အကျဉ်းထောင်နှင့် ဝေးသမျှဝေးရပြီး လူ့အဖွဲ့အစည်းကောင်းကျိုးသယ်ပိုးသည့် လူကောင်းလူတော်ပေါ်ထွက်ရေးသည် ကျောင်းတိုင်း၏ အန္တိမရည်မှန်းချက်ပင်ဖြစ်သည်။ အကယ်၍ ကျွန်တော်တို့ ဆရာ၊ မိဘနှင့်ပညာရေး၏ သင်ရိုးများက "သင်ခန်းစာ" နှင့် "ကျောင်းနံရံ" ထက် ပိုမိုမြင်နိုင်စွမ်းမရှိအောင် ပတ်ဝန်းကျင်ကို လေ့ကျင့်ပေးခဲ့လျှင်မူ ကလေးများ၏ ဉာဏ်အမြင် (ဉာဏ်မျက်စိနှင့် ကြည့်တတ်မှု) ကို လှမ်းပိတ်လိုက်သည့်အတွက် ကျောင်းနှင့်ထောင်သည် ဘာမျှမခြားဟု ဆိုချင်ပါသည်။ လူ့အသိုင်းအဝိုင်းအားလုံးက ကျောင်းသည် ထောင်နှင့်မန္ဒိုင်းအပ်သောအရာဟု လက်ခံထားသည့်အတွက် ကျောင်းများတွင် ကလေးများကို စာနံရံဖြင့် ပိတ်လှောင်ထားသည့်ဘဝမှ ကင်းဝေးစေချင်ပါသည်။ "**စာနံရံပိတ်ကျောင်း**"မျိုး မြန်မာ့ပညာရေးတွင် လုံးဝမရှိစေချင်ပါ။

ကျောင်းနှင့် ထောင်သည် တကယ်မန္ဒိုင်းအပ်သောအရာ ဖြစ်ရန်မှာ ကျွန်တော်တို့ မိဘ၊ ဆရာများက ကလေး၏ဉာဏ်အမြင်တံခါးကို ဖွင့်ပေးရန် အဓိကပါ။ ကလေးများ၏ အနာဂတ်ရောင်ခြည်တံခါးကို စာမေးပွဲရမှတ်သက်သက်ဖြင့် မပိတ်မိရန် အထူးသတိရှိရန်ပါ။ ကျွန်တော်တို့ ကလေးများကို "စာမှစာ" ဆိုသည့် ကျွန်တော်တို့၏ ဒိဋ္ဌိအစွဲဖြင့် လေ့ကျင့်မပေးပါမှ ကလေးများ "စာထောင်ချောက်" ထဲ မကျမည်ဖြစ်ပါသည်။ ထိုသို့မဖြစ်စေရန် မိဘ၊ ဆရာများနှင့် ပညာရေးတာဝန်ရှိသူများက အားကစားအသင်း၊ ကြက်ခြေနီကဲ့သို့ လူမှုရေးအသင်း၊ ဘာသာရေးအသင်း၊ ပန်းချီ၊ ဂီတ၊ အနုပညာအသင်း၊ ဟောပြောပွဲအသင်း၊ ပတ်ဝန်းကျင် လေ့လာရေးအသင်း၊ စာဖတ်အသင်း၊ စာကြည့်တိုက်အသင်း၊ အိမ်တွင်းမှုအသင်း၊ စိုက်ပျိုးမွေးမြူရေးအသင်းများတွင် မိမိသားသမီး၊ တပည့်များကို ပါဝင်လှုပ်ရှားစေရန်လိုသည်။ ခေတ်မီပညာရေး၏အဖွင့် ကျောင်းသင်ရိုးညွှန်းတမ်းများကလည်း အထက်ပါဖွံ့ဖြိုးရေးအသင်းများ၏လှုပ်ရှားမှုကို ပြည့်ပြည့်ဝဝအားပေးသည့်သင်ရိုးများသာ ဖြစ်ရန်လိုသည်။

### စာမေးပွဲရမှတ်လွန် လူ့တန်ဖိုးအစစ်များ

ကျောင်းဖွံ့ဖြိုးရေးအချိန်များသည် စာမေးပွဲရမှတ်လွန် လူ့တန်ဖိုးအစစ်များ ပိုင်ဆိုင်စေမည့် လှုပ်ရှားမှုများနှင့် ပြည့်နှက်နေရပါမည်။ သင်ခန်းစာမကုန်မည်စိုး၍ ဖွံ့ဖြိုးရေးအချိန်ကို ဘာသာရပ်ဝင်သင်သည်များ လုံးဝမဖြစ်သင့်ပေ။ လှုပ်ရှားမှုများတွင် ကလေးများ တက်တက်ကြွကြွ ပါဝင်လိုစိတ်ရှိနေရပါမည်။ လုပ်အားပေးသွား၊ ဆေးရုံ၊ ရဲစခန်း၊ ပြတိုက်၊ စက်ရုံ၊ မွေးမြူရေးခြံ၊ လယ်ကွင်းများသို့ လေ့လာရေးဆင်းရပါမည်။ မိဘများကလည်း ကိုယ့်သားသမီး စကားရည်လုပွဲဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ ဗဟုသုတဖြစ်စေမည့် အားကျစရာ၊ အတုယူစရာဖြစ်မည့် ခေါင်းစဉ်တစ်ခုခုကို ဦးဆောင်ဟောပြောခြင်း၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်လေ့လာပြီး အတွေ့အကြုံများကို ပြန်ပြောနေခြင်းတို့ကို အားပေးရပါမည်။ ပြီးလျှင် အားကစားကွင်း၌ ပျော်ပျော်ရွှင်ရွှင်ကစားနိုင်ရန် စီစဉ်ပေးရပါမည်။ ထိုသို့ အားပေးသည့်ကျောင်းကို ရွေးပြီး မိမိကလေးကို ထားစေချင်ပါသည်။ ထိုသို့ ဉာဏ်မျက်စိဖွင့်ပေးသော ကျောင်းများအဖြစ် ယနေ့မြန်မာ့ကျောင်းများကို ပညာရေးဝန်ကြီးဌာနကလည်း မဖြစ်မနေအသွင်ပြောင်းပေးရန် လိုအပ်ပါသည်။

လူ့သက်တမ်း၏ လေးပုံတစ်ပုံသာ ကျောင်းတွင်နေရသည်ဖြစ်၍ ကျောင်းပြင်ပ လူ့အဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ပြီး အသက်ရှင်သွားရမည့် လူ့သက်တမ်းက ကျောင်းတွင်နေရသည်ထက် ပိုကြာပါသည်။ ထို့ကြောင့် လူအများကြား သွားတတ်၊ လာတတ်၊ နေထိုင်တတ်ပါမှ လူမှုဆက်ဆံရေး၊ ပြည်သူ့နီတိ၊ ကိုယ်ကျင့်တရား၊ လောကဝတ်၊ ယဉ်ကျေးပျူငှာခြင်းနှင့် သည်းခံနိုင်မှုများကို ပိုမိုရင့်သန်စေနိုင်ပါသည်။

### တန်ဖိုးမြင့်နိုင်ငံသား ကိုယ်ရည်ကိုယ်သွေးများ

လူအချင်းချင်း အပြန်အလှန်နားလည်မှုကို ကျောင်းတက်ရင်း၊ စာသင်ရင်း လက်တွေ့ကျင့်သုံးတတ်စေရန် လေ့ကျင့်ပေးနေခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် "**ကျောင်းဆိုသည်မှာ အနာဂတ်လူ့အဖွဲ့အစည်းနှင့် တစ်ကိုယ်ရေဘဝအတွက် ကြိုတင်ပြင်ဆင် လေ့ကျင့်ပေးသောနေရာ**"ဖြစ်၍ ဖြစ်ပါသည်။ ထိုပြည်သူ့နီတိ၊ ယဉ်ကျေးမှုပျူငှာမှုနှင့် ကိုယ်ကျင့်တရားကောင်းမွန်မှုများ အထုံဖြစ်လာပြီဆိုလျှင် မိမိတို့သားသမီးများ ပွင့်သည့်ဉာဏ်ဖြင့် လောကကိုကြည့်တတ်သည့် လူကောင်းလူတော်များ ဖြစ်လာကြပေပြီ။

လူကောင်းဆိုသူများသည် ဆိုးသွမ်းသူများ သွားသည့်အရပ်ဖြစ်သော ထောင်နှင့် အလှမ်းဝေးပါတော့သည်။ သို့မှသာ ကျောင်းသည် ထောင်နှင့် မန္ဒိုင်းယှဉ်အပ်သော နေရာအဖြစ် ထာဝရရပ်တည်နေမည်။ ထို့ကြောင့် မြန်မာ့ကလေးများ အလိမ္မာအပေါင်း ခညောင်းပြီး ပညာကောင်းသည့် တန်ဖိုးမြင့်နိုင်ငံသား ကိုယ်ရည်ကိုယ်သွေးများ ပိုင်ဆိုင်ရန်အတွက် မြန်မာ့ပညာရေးလောကတွင် ဉာဏ်မျက်စိကို ပွင့်စေသော ကျောင်းကောင်းများ၏ စာသင်ခန်းများ များများဖြစ်ထွန်းနေစေရန် မိဘနိုင်ငံသားများကလည်း ပညာရေးဌာနနှင့် ဝိုင်းဝန်းပံ့ပိုးတည်ထောင်နိုင်ရပါလိမ့်မည်။ စိတ်ဓာတ်ရေးရာတွင် အဆင့်အတန်းမြင့်မားသည့်၊ တစ်နည်းအားဖြင့် လူ့အဖွဲ့အစည်းကောင်းကျိုးသယ်ပိုးလိုသည့် လူကောင်းလူတော်များ ပေါ်ကြွယ်ဝနေမှသာ ယနေ့ ၂၁ ရာစု၌ ယခုဆောင်းပါးအစတွင် ရစ်ချက်အာဂရင်း ပြောကြားခဲ့သည့် ကမ္ဘာ့အနာဂတ် "ကောင်းကျိုးသက်ရောက်မှုကို အာမခံနိုင်သည့်" ငြိမ်းချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် မြန်မာ့ရပ်ကွက်ကို ကမ္ဘာ့ရွာကြီးတွင် ကြွားကြွားဝင့်ဝင့်ထူထောင်နိုင်မည်ဖြစ်ပါသည်။

သို့ဖြစ်၍ "**မြန်မာ့လူ့အဖွဲ့အစည်း တိုးတက်ဖွံ့ဖြိုးမှုအစ၊ ဉာဏ်မျက်စိဖွင့်ပေးသည့် ကျောင်းများက**" ဟု ကျွန်တော်၏ ပညာရေးအမြင်ကို ရေးသားတင်ပြလိုက်ရပါသည်။ ။

# လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ

**နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး၊ အနာဂတ် လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် အကောင်အထည်ဖော်တည်ဆောက်နိုင်ရန်နှင့် လူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ ဟူသော ဗလငါးတန်ဖွံ့ဖြိုးတိုးတတ်စေရန်အတွက် လူငယ်ရေးရာကော်မတီ၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မိတ်ဖက်ဌာနဆိုင်ရာများပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲနှင့် စာအုပ်စာစောင်ပြပွဲများကို မြို့နယ်များအလိုက် ကျင်းပပေးလျက်ရှိသည်။**

### ထားဝယ်

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာ ၂၈ ရက်က လူငယ်စကားဝိုင်း ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်ခိုင်က လူငယ်စကားဝိုင်း ကျင်းပပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဦးစီးအရာရှိ ဒေါ်မိုးမိုးခိုင် ဦးဆောင်ပြီး အမှတ်(၄) အခြေခံပညာထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်များအလိုက် ဆွေးနွေးကြသည်။ ယင်းနောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွေးထိုက်ထိုက်စံက ကျေးဇူးတင်စကား ပြောကြားကာ တိုင်းဒေသကြီး ပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းနောင်က ဆွေးနွေးပွဲတွင် ပါဝင်သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

### ဝါးခယ်မ

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ စက်တင်ဘာ ၂၈ ရက်က အထက(ခွဲ) အလက(၁) ရွာသစ်ကျောင်း၌ လူငယ်ဆိုင်ရာ အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ရီရီလွင်က လူငယ်ဆိုင်ရာအသိပညာပေးဆွေးနွေးခြင်း၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံဦးစီးမှူး ဦးအောင်မိုးက ကုန်အညွှန်းအမှတ်အသားနှင့် ကုန်စည်ဝန်ဆောင်မှုများ၊ စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ မြို့နယ်အားကစားမှူး ဒေါ်ဖြူနှင်းဖွေးက အားကစားပြုလုပ်ရခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါး အန္တရာယ်နှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ ပြသခဲ့သည်။ **ဟိန်းထက်လင်း(ပြန်/ဆက်)**

### မောင်တော

ရခိုင်ပြည်နယ်မောင်တောမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ စက်တင်ဘာ ၂၈ ရက်က လူငယ်စကားဝိုင်း ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး (တာဝန်ပေး) ဦးမြင့်ခိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာကြီး ဦးမောင်ခင်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး (တာဝန်ပေး) ဦးမြင့်ခိုင်က ဦးဆောင်ပြီး အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ခေါင်းစဉ်များအလိုက် ဆွေးနွေးရာ တက်ရောက်လာကြသော အခြားကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြသည်။ **ခရိုင်(ပြန်/ဆက်)**

### စဉ့်ကိုင်

စဉ့်ကိုင်မြို့နယ် အခြေခံပညာအလယ်တန်းကျောင်း (တောမ)၌ စက်တင်ဘာ ၂၆ ရက်က လူငယ်စကားဝိုင်း ကျင်းပသည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အမာစိန်က အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း အကြောင်း ပြောကြားသည်။ စကားဝိုင်းဆွေးနွေးပွဲတွင် ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ဦးဆောင်ပြီး အခြေခံပညာအလယ်တန်းကျောင်း (တောမ)မှ ကျောင်းသား ကျောင်းသူများက ဆွေးနွေးကြရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြသည်။ ထို့နောက် လူငယ်စကားဝိုင်း ကျင်းပခြင်းနှင့် ပတ်သက်ပြီး အလယ်တန်းပြဆရာမ ဒေါ်ခင်သန်းနုက ကျေးဇူးတင်စကား ပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကြို့ကုန်းသံကူကွန်ကရစ်တံတား တည်ဆောက်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၉**

သရက်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များက တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကြို့ကုန်း-ကံလည် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကြို့ကုန်းတံတား တည်ဆောက်နေမှု အခြေအနေများကို ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဇာလှိုင်သန်းနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၂၈ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စု(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၂၂၃ ဒသမ ၃၈၈ သန်းဖြင့် မင်းတုန်းမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် အရှည်ပေ ၁၂၀၊ ယာဉ်သွားလမ်းအကျယ် ၁၈ ပေ သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးပါက ယင်းတံတားကို အသုံးပြု၍ ကျေးရွာနှစ်ရွာမှ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ကိစ္စရပ်များအတွက် အမြန်ဆုံး ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည့်အပြင် ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်နှင့်မြို့ပြကွာဟမှု လျှော့ချနိုင်ရေးကိုပါ အထောက်အကူပြုနိုင်မည်ဖြစ်သည်။ **သန်းမင်းအောင် (သတင်းစဉ်)**

# ငဖဲမြို့နယ်၌ အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကျင်းပ

**ငဖဲ စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အယ်နီညိုကြောင့် ဖြစ်ပေါ်သက်ရောက်လာနိုင်မှုနှင့် ပတ်သက်၍ မွေးမြူရေးကဏ္ဍမှ ကြိုတင်သိရှိဆောင်ရွက်ထားနိုင်ရန် ရက်သတ္တပတ်အထိမ်းအမှတ် အယ်နီညိုရာသီဥတုဖြစ်ပေါ်မှုကြောင့် မွေးမြူရေးကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ငဖဲမြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာချစ်ချယ်ရီစိုးက အယ်နီညိုကြောင့် ဖြစ်ပေါ်သက်ရောက်လာနိုင်မှုနှင့်ပတ်သက်၍ မွေးမြူရေးကဏ္ဍမှ ကြိုတင်သိရှိဆောင်ရွက်ထားနိုင်ရန် အသိပညာပေးဟောပြောပွဲကျင်းပရခြင်းဖြစ်ကြောင်းနှင့် ရာသီဥတုဖောက်ပြန်ခြင်း အယ်နီညိုအကြောင်း သိကောင်းစရာများ၊ ကြိုတင်ပြင်ဆင်ရန်အချက်များ၊ အယ်နီညိုကြောင့် မွေးမြူရေးလုပ်ငန်းတွင် သက်ရောက်လာနိုင်မှုနှင့် အယ်နီညိုကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို တောင်သူများအား အသိပညာပေးဆွေးနွေးပြောကြားသည်။

ဟောပြောပွဲအပြီးတွင် ငဖဲမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံးမှ ဝန်ထမ်းများက အယ်နီညိုအသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်းနှင့် ဟောပြောပွဲသို့ မြို့နယ်အတွင်းရှိ တိရစ္ဆာန်ကျန်းမာရေးလုပ်သားများနှင့် မွေးမြူရေးတောင်သူများ တက်ရောက်ကြောင်း သိရသည်။ **မယု(ငဖဲ)**

# တောင်တွင်းကြီးမြို့နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေမြင့်တက်၍ ရေကြီးရေလျှံမှုများဖြစ်ပေါ်

**တောင်တွင်းကြီး စက်တင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ စက်တင်ဘာ၂၈ ရက် ညနေပိုင်းက မိုးရေချိန် ၄ ဒသမ ၅၆ လက်မဖြင့် မိုးသည်းထန်စွာရွာသွန်း၍ တောင်ကျရေများ စီးဆင်းလာပြီး စက်စက်ယိုချောင်းမှ ချောင်းရေမြင့်တက်မှုကြောင့် ဌာနဆိုင်ရာရုံးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါဖြစ်ပွားရာနေရာများသို့ နယ်မြေခံတပ်မှ တပ်မှူး ဗိုလ်မှူးကြီး ကျော်သန်းဆွေ ဦးစီး၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇင်ဦးနှင့်အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ချောင်းရေဝင်ရောက်သည့် ရပ်ကွက်၊ ကျေးရွာများသို့ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည်။ ယနေ့နံနက်ပိုင်းတွင် ရေများအနည်းငယ် ပြန်လည်ကျဆင်းခဲ့ပြီး ရေဝင်ရောက်သည့် ရပ်ကွက်၊ ကျေးရွာများသို့ အစားအသောက်များ ဝေငှနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က စီစဉ်ထားရှိပြီး ချောင်းရေဝင်ရောက်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**အောင်ကို (ပြန်/ဆက်)**

# ညောင်ဦးမြို့နယ် စပါးသင်ချောင်းအတွင်း ကားတစ်စီး ရေစီးနှင့်မျောပါကာ လူနှစ်ဦး သေဆုံး

**ညောင်ဦး စက်တင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပန်းကုံးပင်ကျေးရွာနှင့် စပါးသင်ကျေးရွာအနီး စပါးသင်သဲချောင်း၌ စက်တင်ဘာ ၂၉ ရက် နံနက် ၃ နာရီက ကားတစ်စီး ရေစီးနှင့် မျောပါကာ လူသေဆုံးမှု ဖြစ်ပွားခဲ့သည်။

**သေဆုံးလျက်တွေ့ရှိ**

သတင်းအရ အဆိုပါနေရာသို့ ညောင်ဦး ခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင် (လက်ထောက်ညွှန်ကြားရေးမှူး) ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ အထောက်အကူပြုယာဉ် တစ်စီး၊ ညောင်ဦးမြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်မင်းသူ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင် ခုနစ်ဦး၊ အထောက်အကူပြုယာဉ် တစ်စီး၊ တောင်ဇင်းနယ်မြေ မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင် လေးဦး၊ မီးငြိမ်းသတ်ယာဉ်တစ်စီးတို့ဖြင့် သဲချောင်းအတွင်း နစ်မြုပ်နေသော Light Truck ယာဉ် ပြန်လည်ဆယ်တင်နိုင်ရေးနှင့် ယာဉ်ပေါ်ပါ ပျောက်ဆုံးနေသူများအား ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်ခဲ့ရာ ပက်လက်အနေအထားဖြင့်နစ်မြုပ်နေသော BAGO 6P-6920 Light Truck ယာဉ်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ယာဉ်ပေါ်ပါသူများအား ဆက်လက်ရှာဖွေရာ ချောင်းရေကျော်၏ အောက်ဘက် နှစ်ဖာလုံခန့်အကွာရှိ သစ်မြစ်များကြားတွင် ညပ်နေလျက် ညောင်ဦးမြို့နယ် တောင်ဘီလေးကျေးရွာအုပ်စု သဲယာချောင်းကျေးရွာနေ ဦးကျော်မိုး (၆၀)နှစ်ကို သေဆုံးလျက်တွေ့ရှိပြီး ၎င်းနှင့်လေးဖာလုံခန့်အကွာတွင် မိုးအောင်(၂၅)နှစ်ကို သေဆုံးလျက်တွေ့ရှိခဲ့ကြောင်း သိရသည်။

**ရေစီးနှင့်မျောပါ**

ဖြစ်စဉ်မှာ စက်တင်ဘာ ၂၉ ရက် နံနက် ၃ နာရီက မိုးအောင်(၂၅)နှစ် တောင်ဘီလေးကျေးရွာအုပ်စု



သဲယာချောင်းကျေးရွာနေသူက BAGO 6P-6920 Light Truck ယာဉ်ကို မောင်းနှင်ပြီး ဦးကျော်မိုး (၆၀)နှစ်၊ သဲယာချောင်းကျေးရွာနေသူတို့ လိုက်ပါလျက် ညောင်ဦးမြို့နယ် ပန်းကုံးပင်ကျေးရွာဘက်မှ စပါး သင်ကျေးရွာဘက်သို့ မောင်းနှင်လာစဉ် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စပါးသင်ချောင်း ချောင်းရေကျနေချိန် ချောင်းအတွင်း ဖြတ်မောင်းစဉ် ရေစီးနှင့် မျောပါသွားခဲ့ကြောင်း၊ အဆိုပါဖြစ်စဉ်ကြောင့် ညောင်ဦးမြို့မရဲစခန်းမှ သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဒီပါလင်း**

# ကျန်းမာရေးအခြေအနေကြောင့် ဂျပန်အောက်လွှတ်တော်ဥက္ကဋ္ဌ ရာထူးမှနုတ်ထွက်ဖွယ်ရှိ

**တိုကျို စက်တင်ဘာ ၂၉**

ဂျပန်နိုင်ငံ၏ အောက်လွှတ်တော် ဥက္ကဋ္ဌ ဟိုဆိုဒါ ဟီရိုယူကီသည် ကျန်းမာရေး ချို့တဲ့မှုကြောင့် ရာထူးမှ နုတ်ထွက်ဖွယ်ရှိကြောင်း နိုင်ငံရေးသတင်းရင်းမြစ်များက ပြောသည်။



ဂျပန်နိုင်ငံ၏ အောက်လွှတ်တော်ဥက္ကဋ္ဌ ဟိုဆိုဒါ ဟီရိုယူကီ

အသက် ၇၉ နှစ် ရှိပြီဖြစ်သည့် ဟိုဆိုဒါသည် ကျန်းမာရေး မကောင်းသဖြင့် ဇူလိုင်လအတွင်းက ဆေးရုံတက်ရောက်ခဲ့ရသေးသည်။ ယူကရိန်းပါလီမန်ဥက္ကဋ္ဌနှင့် တွေ့ဆုံပြီးနောက် စက်တင်ဘာ ၇ ရက်ကလည်း ဆေးရုံသို့ ထပ်မံတက်ရောက်ခဲ့ရပြီး ယင်းနေ့က တိုကျိုမြို့၌ စတင်ကျင်းပသည့် နိုင်ငံ ခုနစ်နိုင်ငံမှ အောက်လွှတ်တော် အကြီးအကဲများ အစည်းအဝေးသို့ တက်ရောက်မှုကိုလည်း ဖျက်သိမ်းခဲ့ရသည်။

ဟိုဆိုဒါသည် ၁၉၉၀ ပြည့်နှစ်က အောက်လွှတ်တော်တွင် အရွေးမခံရမီ ကုန်သွယ်ရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦး ဖြစ်သည်။ လွှတ်တော်အမတ် သက်တမ်း ၁၁ နှစ် ရှိပြီဖြစ်သည့် ဟိုဆိုဒါသည် အစိုးရအဖွဲ့ အတွင်းရေးမှူးချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပြီး လစ်ဘရယ်ဒီမိုကရက်တစ်ပါတီ၏ အမှုဆောင် ရာထူးများကို ထမ်းဆောင်ခဲ့သည်။ ထို့နောက် ၂၀၂၁ ခုနှစ် နိုဝင်ဘာလက အောက်လွှတ်တော်ဥက္ကဋ္ဌ ဖြစ်လာခဲ့သည်။

ဟိုဆိုဒါ၏ နုတ်ထွက်မှုကို လာမည့် အောက်တိုဘာ ၂၀ ရက်တွင်ကျင်းပမည့် လွှတ်တော် အထူးအစည်းအဝေးတွင် အတည်ပြုနိုင်ဖွယ်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နိုင်ငံ၌ ဘာသာရေးအဆောက်အအုံတစ်ခုအနီး ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် သေဆုံးသူ ၅၀ အထိ တိုးလာ

**အစ္စလာမ္မာဘတ် စက်တင်ဘာ ၂၉**

ပါကစ္စတန်နိုင်ငံ အနောက်တောင်ပိုင်း ဘလိုချီစတန်ပြည်နယ် မက်စ်တန်ခရိုင်၌ ဘာသာရေးစုဝေးရာနေရာတစ်ခုတွင် စက်တင်ဘာ ၂၉ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခြင်းကြောင့် သေဆုံးသူ စုစုပေါင်း ၅၀ အထိတိုးလာကြောင်း ရဲတပ်ဖွဲ့နှင့် ကျန်းမာရေး အာဏာပိုင်များက ပြောကြားသည်။

ဗုံးပေါက်ကွဲမှုကြောင့် လူပေါင်း ၅၀ ကျော် ဒဏ်ရာရရှိပြီး ဆေးရုံ၌ ဒါဇင်နှင့်ချီ၍ ဆေးကုသမှုခံယူနေဆဲဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူ အများအပြားမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိသောကြောင့် သေဆုံးသူစုစုပေါင်းမှာလည်း တိုးလာနိုင်ကြောင်း ရဲအရာရှိက ပြောကြားသည်။ အဆိုပါ ပေါက်ကွဲမှုမှာ ဘာသာရေးအဆောက်အအုံ တစ်ခုအနီးတွင် ဖြစ်ပွားခြင်းဖြစ်ပြီး အသေခံဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း ပဏာမသတင်းများနှင့် ရဲတပ်ဖွဲ့၏ စုံစမ်းစစ်ဆေးမှုများအရ သိရသည်။ **ဆင်ဟွာ**



# ဂျပန်မင်းသမီး ကာကို နိုဝင်ဘာလတွင် ပီရူးနိုင်ငံသို့ သွားရောက်မည်

**တိုကျို စက်တင်ဘာ ၂၉**

ဂျပန်အိမ်ရှေ့မင်းသား အာကီရှီနို၏ ဒုတိယ မြောက်သမီးဖြစ်သူ မင်းသမီး ကာကိုသည် လာမည့်နိုဝင်ဘာလအတွင်း ပီရူးနိုင်ငံသို့ သွားရောက်မည်ဖြစ်သည်။ ပီရူးနိုင်ငံနှင့် ဂျပန်နိုင်ငံ သံတမန်ဆက်ဆံရေး နှစ် ၁၅၀ ပြည့် အထိမ်းအမှတ်အဖြစ် ပီရူးသို့ သွားရောက်ခြင်းဖြစ်သည်။

နိုဝင်ဘာ ၁ ရက်မှ စတင်ကာ တောင်အမေရိကနိုင်ငံဖြစ်သည့် ပီရူးနိုင်ငံသို့ ၁၀ ရက်ကြာ ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။ ယခုခရီးစဉ်သည် ၎င်းအတွက် ဒုတိယအကြိမ်မြောက် နိုင်ငံခြားခရီးစဉ်ဖြစ်သည်။ ဂျပန်နှင့်ပီရူးနိုင်ငံတို့သည် ကုန်သွယ်ရေးနှင့် ပင်လယ်ရေကြောင်း သွားလာရေး သဘောတူစာချုပ်ကို ၁၈၇၃ ခုနှစ်ကတည်းက ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

မင်းသမီး ကာကိုသည် ပီရူးသမ္မတ ဒီနာဘိုလူအာတီနှင့်လည်း မြို့တော်လီမာတွင် တွေ့ဆုံသွားမည်ဖြစ်သည်။ ထို့ပြင် သံတမန်ဆက်ဆံရေး နှစ်ပေါင်း ၁၅၀ ပြည့်သည့် အခမ်းအနားကိုလည်း တက်ရောက်သွားမည်ဖြစ်သည်။

မင်းသမီး ကာကိုသည် ပီရူးရှိ ဂျပန်နွယ်ဖွားများနှင့် တွေ့ဆုံမည်ဖြစ်ကာ အကြားအာရုံ ချို့ယွင်းချက်ရှိသည့် ကလေးများအတွက် ဖွင့်လှစ်ထားသည့်ကျောင်းသို့လည်း သွားရောက်မည်ဖြစ်သည်။

ထို့နောက် ယူနက်စကို ကမ္ဘာ့အထိမ်းအမှတ်ဝင်ဖြစ်သည့် ရှေးဟောင်းအင်ကာမြို့သို့လည်း သွားရောက်လည်ပတ်မည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

## အစ္စရေးလေကြောင်းရန် ကာကွယ်ရေးစနစ်ကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံဖြင့် ဂျာမနီဝယ်ယူမည်

**ဘာလင် စက်တင်ဘာ ၂၉**

ဂျာမနီနိုင်ငံသည် အစ္စရေး၏လေကြောင်းရန် ကာကွယ်ရေးစနစ်ကို အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ အသုံးပြုကာ ဝယ်ယူသွားမည်ဖြစ်သည်။ စက်တင်ဘာ ၂၈ ရက်တွင် နှစ်နိုင်ငံ သဘောတူကြေညာချက်တွင် လက်မှတ်ရေးထိုးပြီးနောက် ယခုလို ဝယ်ယူမှုပြုလုပ်မည်ဖြစ်သည်။

Arrow 3 လေကြောင်းရန် ကာကွယ်ရေးစနစ်သည် ရန်သူဒုံးကျည်များကို လေထုအပြင်ဘက် အမြင့် ၁၀၀ ကီလိုမီတာကျော်တွင် ဖျက်ဆီးပစ်နိုင်သည်။ နှစ်နိုင်ငံအတွက် သမိုင်းဝင်နေ့ဖြစ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး ဘိုရစ် ပစ်စတိုရီးယက်စ်က သဘောတူညီမှုတွင် လက်မှတ်ရေးထိုးပြီးနောက် ပြောကြားသည်။ **ဆင်ဟွာ**



# အမေရိကန်ဈေးကွက်အတွက် ပထမဦးဆုံးလျှပ်စစ်ကားကို ဟွန်ဒါ ကုမ္ပဏီမှ ထုတ်ဖော်ပြသ

**တိုကျို စက်တင်ဘာ ၂၉**

ဟွန်ဒါကုမ္ပဏီသည် အမေရိကတွင် လျှပ်စစ်ကားများထုတ်လုပ်လျက်ရှိသည်။ လာမည့်နှစ်အစောပိုင်းတွင် လျှပ်စစ်ကားများကို ပထမဦးဆုံးအကြိမ် စတင်ရောင်းချသွားမည်ဟု ဟွန်ဒါကုမ္ပဏီက ပြောသည်။ မီချီဂန်ပြည်နယ်တွင် Prologue ဟု အမည်ပေးထားသည့် ၎င်းတို့၏ လျှပ်စစ်ကားကို ထုတ်ဖော်ပြသခဲ့သည်။

အဆိုပါ SUV ကားမှာ အမေရိကန်ကားကုမ္ပဏီကြီးဖြစ်သည့် ဂျင်နရယ်မော်တော်ကား ကုမ္ပဏီနှင့် ပူးပေါင်း ထုတ်လုပ်ထားခြင်းဖြစ်သည်။ ကားအတွင်းပိုင်းနှင့် အပြင်ပိုင်းအပြင်အဆင်များကို ဟွန်ဒါကုမ္ပဏီကထုတ်လုပ်ခြင်းဖြစ်ပြီး ဂျင်နရယ်မော်တော်ကားကုမ္ပဏီမှ တစ်ခါအားသွင်းရုံဖြင့် ၄၈၀ ကီလိုမီတာသွားနိုင်မည့် ဘက်ထရီကို ထောက်ပံ့ပေးထားသည်။ Prologue ဆိုသည့် အမည်မှာ အမေရိကန်လျှပ်စစ်ကား ဈေးကွက်တွင် စာမျက်နှာသစ် ဖွင့်နိုင်ရမည်ဟု ရည်ညွှန်းကြောင်း ဟွန်ဒါကုမ္ပဏီမှ မတ်ဆုရာ ဟီရိုကာဇုက ပြောသည်။

ယခု ကားမော်ဒယ်နှင့်အတူ လျှပ်စစ်ကား အရောင်းဈေးကွက်ကို ချဲ့ထွင်သွားရန် မျှော်မှန်းထားကြောင်းလည်း ၎င်းက ပြောသည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် အစိုးရအဖွဲ့သည် မှန်လုံအိမ်ဓာတ်ငွေ့ လျှော့ချနိုင်ရေးအတွက် လျှပ်စစ်ကားများ လူကြိုက်များလာရန် ကြိုးပမ်းလျက်ရှိသည်။ ယခုနှစ် ဧပြီလမှ ဇွန်လအထိ ကားအသစ်ရောင်းချရမှုတွင် ၇ ရာခိုင်နှုန်းမှာ လျှပ်စစ်ကားများဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးလုပ်ငန်းကဏ္ဍမှ ပထမ ကိုးလအတွင်း ကုန်သွယ်မှုပို‌ငွေ ရှစ်ဘီလီယံကျော်ရှိ

**ဟန္နိုင်း စက်တင်ဘာ ၂၉**

ယခုနှစ် ပထမ ကိုးလတာအတွင်း၊ ဗီယက်နမ်သည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းကဏ္ဍမှ ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၈ ဒသမ ၀၄ ဘီလီယံရှိကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက စက်တင်ဘာ ၂၉ ရက်တွင် ပြောကြားသည်။

ယခုနှစ် ကိုးလတာအတွင်း ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ပစ္စည်း စုစုပေါင်း ကုန်သွယ်မှုပမာဏသည် ဒေါ်လာ ၆၈ ဒသမ ၉၂ ဘီလီယံအထိ ရှိခဲ့သည်။ ယင်းတို့အနက် ပို့ကုန်မှ ဒေါ်လာ ၃၈ ဒသမ ၄၈ ဘီလီယံ ရရှိခဲ့သည်။

စက်တင်ဘာလ တစ်လတည်းတွင် ဗီယက်နမ်သည် စိုက်ပျိုးရေး၊ သစ်တော၊ ရေထွက်ပစ္စည်း ကုန်သွယ်မှုပမာဏ ဒေါ်လာ ၄ ဒသမ ၈ ဘီလီယံရှိပြီး လစဉ် ကုန်သွယ်မှုပမာဏ ၂ ဒသမ ၇ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း နှစ်ပတ်လည်ကုန်သွယ်မှုပမာဏအနေဖြင့် ၂၂ ရာခိုင်နှုန်း တိုးလာခဲ့သည်။

ဗီယက်နမ်နိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍသည် ၂၀၂၂ ခုနှစ်တွင် စိုက်ပျိုးရေး၊ သစ်တောနှင့် ရေထွက်ကုန် တင်ပို့မှုတန်ဖိုးတွင် စံချိန်သစ်တင်ခဲ့ပြီး ဒေါ်လာ ၅၃ ဒသမ ၂ ဘီလီယံကျော် ရှိခဲ့သည်။

**ဆင်ဟွာ**



ဗီယက်နမ်ရေထွက်ကုန်များ ပြည်ပတင်ပို့ရန် ပြင်ဆင်ဆောင်ရွက်စဉ်။

# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ မီဒီယာပူးပေါင်းဆောင်ရွက်ခြင်း အခမ်းအနားကျင်းပ



ဖနောင်ပင် စက်တင်ဘာ ၂၉

**မဲခေါင်-လန်ချန်း မီဒီယာဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်အဖြစ် MLC သတင်းထောက်များအတွက် "မြစ်ကြောင်းမျှဝေ အနာဂတ်မျှဝေခြင်းနှင့် သတင်းမီဒီယာအခန်းကဏ္ဍ မြှင့်တင်ခြင်း"ဆိုင်ရာ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက ကမ္ဘောဒီးယားနိုင်ငံ သီဟာနုပြည်နယ်ရှိ Sokha Beach Resort ၌ ကျင်းပသည်။**

မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှုတွင် ဒေသတွင်း ငြိမ်းချမ်းရေး၊ သာယာဝပြောရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ရာတွင် အဖွဲ့ဝင်နိုင်ငံများမှ သတင်းမီဒီယာသမားများအားလုံး၏ ကဏ္ဍသည် အလွန်အရေးကြီးသည့်အတွက် ယခုကဲ့သို့ Shared River Shared future and the role of journalists အစီအစဉ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပံ့ပိုးမှုဖြင့် ကမ္ဘောဒီးယားနိုင်ငံက ပြီးခဲ့သည့် ၂၀၂၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားတွင် ကမ္ဘောဒီးယား ပြန်ကြားရေးဝန်ကြီး Mr. Neth Pheaktra က မီဒီယာသည် အလွန်အရေးကြီးပြီး လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် ဒေသတွင်း အခြေအနေမှန်များကို ဖော်ပြနိုင်ပါကြောင်း၊ ရှေးရိုးမီဒီယာများအပြင် ယခုနောက်ပိုင်း၌ အွန်လိုင်းမီဒီယာများ တွင်ကျယ်လာသည့်အတွက် မီဒီယာများအားလုံး ကျင့်ဝတ်နှင့်အညီ ရေးသားကြရန် လိုအပ်ပါကြောင်း၊ မဲခေါင်-လန်ချန်း မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာနယ်ဇင်းအတတ်ပညာ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် ယခုအစီအစဉ်မှာ များစွာအထောက်အကူပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး Mr. Wu Chuanbing နှင့် ကမ္ဘောဒီးယားသတင်းအချက်အလက်နှင့် ရုပ်သံထုတ်လွှင့်မှု (INB) ၏ ညွှန်ကြားရေးမှူးချုပ် Mr. Phos Sovann၊ ကမ္ဘောဒီးယား ပြန်ကြားရေးဝန်ကြီးဌာန၏ အတွင်းရေးမှူးချုပ်တို့က အသီးသီး အမှာစကားများ ပြောကြားသည်။

ထို့နောက် စာနယ်ဇင်းအတတ်ပညာများ ပံ့ပိုးမြှင့်တင်ခြင်းနှင့် အခက်အခဲများကို ကျော်လွှားခြင်း ခေါင်းစဉ်ဖြင့် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန အကြံပေးပါမောက္ခ Moeun Chhean ကလည်းကောင်း၊ သီဟာနုပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်မျှော်မှန်းချက်များဆိုင်ရာ ခေါင်းစဉ်ဖြင့် ဒေသခံအုပ်ချုပ်ရေးအဖွဲ့ ကိုယ်စားလှယ်က လည်းကောင်း တင်ပြဆွေးနွေးပြီး နိုင်ငံတကာမီဒီယာများ၊ ကမ္ဘောဒီးယား ပြည်တွင်းမီဒီယာများနှင့် မဲခေါင်-လန်ချန်း နိုင်ငံများမှ သတင်းထောက်များက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြသည်။



ထို့နောက် ဖိတ်ကြားထားသည့် မီဒီယာများသည် ယင်းဒေသရှိ စက်မှုဇုန်သို့ မီဒီယာလေ့လာရေး အစီအစဉ်အဖြစ် သွားရောက်ခဲ့ကြပြီး General Tires Technology ကုမ္ပဏီစက်ရုံ၌ အရည်အသွေး မြင့်မားသည့် တာယာအမျိုးမျိုး အဆင့်မြင့်နည်းပညာ အသုံးပြုထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြသည်။ (ဝဲပုံ)

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ၂၀၁၄ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့သည့် (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေး၌ ထိုင်းနိုင်ငံက မဲခေါင်ဒေသတွင်းနိုင်ငံများအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကို လျှော့ချရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရန်လိုအပ်ကြောင်း ကနဦးဆွေးနွေးမှုအပေါ် တရုတ်နိုင်ငံက ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ပါဝင်သည့် ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တစ်ရပ်ထူထောင်ရန် အဆိုပြုခဲ့ရာမှ စတင်ခဲ့ခြင်းဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်ကို နိုင်ငံရေးနှင့်လုံခြုံရေးမဏ္ဍိုင်၊ စီးပွားရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး မဏ္ဍိုင်နှင့် လူမှုရေး၊ ယဉ်ကျေးမှုနှင့် ပြည်သူအချင်းချင်း အပြန်အလှန်ထိတွေ့ဆက်ဆံရေးမဏ္ဍိုင် စသည့်မဏ္ဍိုင်သုံးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ခင်ရတနာ**

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း နေပြည်တော်၌ အင်္ဂလိပ်ဘာသာအခြေခံဘာသာပြန် သင်တန်းဆင်းပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၉**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း နေပြည်တော် ဇေယျာသီရိမြို့နယ် ခရေပင်လမ်းခွဲရှိ နေပြည်တော်သတင်းစာတိုက်၌ အင်္ဂလိပ်ဘာသာအခြေခံ ဘာသာပြန် သင်တန်းအမှတ်စဉ် ၁/၂၀၂၃ သင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင်ပြန်ကြားရေး ဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသက်ဆွေက သင်တန်းဆင်းအမှာစကားပြောကြားပြီး အင်္ဂလိပ်ဘာသာအခြေခံ ဘာသာပြန်သင်တန်းတွင် တက်ရောက်ခဲ့သည့် သင်တန်းသား သင်တန်းသူများက သင်တန်းတွင် သင်ယူတတ်မြောက်ခဲ့သည့် ဘာသာပြန်ခြင်းများကို တစ်ဦးချင်းအလိုက် ပရိဂျက်တာဖြင့် Table Discussion ပြုလုပ်၍ ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းဆင်းပွဲကို စာတည်းမှူးချုပ်များ၊ အင်္ဂလိပ်စာ သင်တန်းဆရာ ဦးသန်းဆွေနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ပြီး သင်တန်းကို ဇူလိုင် ၁၀ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ သင်တန်းသား သင်တန်းသူ ၂၀ ဦးဖြင့် ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

**ဟိန်းထက်ဇော်(မြန်မာ့အလင်း)**

**ဓာတ်ပုံ - အိမ့်ဘီလီယံမောင်**

# နှံစားပြောင်းသီးနှံများ အောင်မြင်စွာ စိုက်ပျိုးပြီးစီး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နှံစားပြောင်း ၃၁၇၇ ဧကကို အောင်မြင်စွာ စိုက်ပျိုးပြီးဖြစ်ကြောင်း သက်ဆိုင်ရာဌာန၏ စာရင်းများအရ သိရသည်။

ကျောက်ဆည်မြို့နယ်၌ နှံစားပြောင်းအများဆုံး စိုက်ပျိုးသောကျေးရွာများမှာ တောင်တော်ကျေးရွာ၊ နောင်ခမ်းကျေးရွာနှင့် ကင်းကျေးရွာများဖြစ်ကြောင်း၊ စိုက်ပျိုးပြီး သုံးလ/လေးလအကြာတွင် ရိတ်သိမ်းရကြောင်း၊ စိုက်ပျိုးသောနှံစားပြောင်းမျိုးများမှာ ထွက်တိုးနီနှင့် ထွက်တိုးဖြူမျိုးတို့ဖြစ်ကြောင်း၊ ပြောင်းစိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ်နှစ်သိန်းကုန်ကျကြောင်း သိရသည်။

ယခင်နှစ်က နှံစားပြောင်း တစ်ဧကလျှင် ရိတ်သိမ်းခြွေလှေ့ပြီးသည်အထိ ငွေကျပ်သုံးသိန်းကုန်ကျ၍ အထွက်နှုန်းအနေဖြင့် ၃၅ တင်း ထွက်ရှိခဲ့ပြီး ပြောင်းတစ်တင်းလျှင် ကျပ် ၂၂၀၀၀ နှုန်းဖြင့် ရောင်းချရသဖြင့် အကျိုးအမြတ်အနေဖြင့် ငွေကျပ်လေးသိန်းခန့် ရရှိခဲ့ကြောင်း၊ နှံစားပြောင်း အနှံဖြတ်ပြီး ကျန်ရှိသောပြောင်းရိုးကို ရောင်းချပါက တစ်ဧကလျှင် ငွေကျပ်တစ်သိန်းဖြင့် ရောင်းရကြောင်း၊ နှံစားပြောင်း စိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာပြီး အကျိုးအမြတ်များ ရရှိသဖြင့် နှံစားပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်းနှင့် ယခုနှစ်တွင် နှံစားပြောင်းသီးနှံများကို အောင်မြင်စွာ စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**DOCA (မန္တလေး)**

# မိုးညှင်းမြို့နယ်အတွင်း မိုးစပါး ဧက ၁၃၆၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**မိုးညှင်း စက်တင်ဘာ ၂၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီအတွင်း မိုးစပါး ၁၃၆၁၁၆ ဧကစိုက်ပျိုးရန် လျာထားခဲ့ရာ ယခုအခါ ၁၃၆၇၈၉ ဧကအထိ စိုက်ပျိုးနိုင်သဖြင့် လျာထားချက်ထက် ဧက ၆၇၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မိုးညှင်းမြို့နယ်အတွင်း ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် လျာထားသည့် ၁၃၆၁၁၆ ဧကကို ဇွန်လမှ စတင်စိုက်ပျိုးခဲ့ကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများ စားရေရိက္ခာဖူလုံရေး၊ ဝင်ငွေများတိုးပွားလာစေရေး၊ စိုက်ပျိုးထုတ်လုပ်မှု အရည်အသွေးများကောင်းမွန်ပြီး ပြည်တွင်းပြည်ပ ဈေးကွက်များတွင် တိုးချဲ့လာနိုင်စေရေးတို့အတွက် အသိပညာပေးခြင်း၊ ကွင်းသရုပ်ပြပွဲများပြုလုပ်ခြင်း၊ မိုးစပါး Seeder စိုက်ပျိုးနည်းစနစ်များနှင့် စပါးစိုက်တောင်သူများ တစ်ဧကလျှင် စပါးတင်း ၁၀၀ ကျော် အထွက်နှုန်းရရှိစေရေးအတွက် နည်းပညာများ ပံ့ပိုးကူညီခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးညှင်းမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၀ ရှိ၍ ဒေသရေမြေသဘာဝထွက်ရှိမှု၊ ဝယ်ယူမှု၊ စားသုံးမှုနှင့်ကိုက်ညီသော အထွက်ကောင်း မျိုးသန့်စပါးဖြစ်သည့် ဆင်းကေရီ-၃ မျိုးစပါးကို တောင်သူများက အများဆုံး ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလျက်ရှိကြပြီး အခြားစပါးမျိုးများဖြစ်သည့် ငွေတိုး၊ ကောက်ညှင်း စသည့် စပါးမျိုးများကိုလည်း စိုက်ပျိုးလျက်ရှိရာ တောင်သူများ အဓိကစိုက်ပျိုးလေ့ရှိသော ဆင်းကေရီ-၃ စပါးမျိုးကို ဧက ၁၂၈၃၉၀ အထိ စိုက်ပျိုးထားရှိကြောင်း သိရသည်။



**ရွှေမိုးညှင်း**

# ပင်လယ်ကမ်းရိုးတန်းနှင့် အပြာရောင်စီးပွားရေး

ကျော်မိုး(DMA)

ပင်လယ်သမုဒ္ဒရာများနှင့် ကမ်းရိုးတန်းဒေသများသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော ဂေဟစနစ်ကြီးဖြစ်ပြီး လူသားတို့အတွက် အဖိုးတန်လှသော သဘာဝအမွေအနှစ် ဖြစ်ပါသည်။ ကမ္ဘာမြေမျက်နှာပြင်ဧရိယာ၏ ၇၀ ရာခိုင်နှုန်းကျော်ကို ရေမျက်နှာပြင်ဖြင့် ဖုံးလွှမ်းထားသောကြောင့် ကမ္ဘာပေါ်ရှိလူသားများနှင့် သက်ရှိများအတွက် အလွန်အရေးပါလှပါသည်။ သန်းပေါင်းများစွာသော လူသားများ၏ အသက်မွေးဝမ်းကျောင်းနှင့် စားရေရိက္ခာဖူလုံရေးအတွက်လည်း များစွာအထောက်အကူပြုလျက် ရှိပါသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ပင်လယ်ကမ်းရိုးတန်းစီးပွားရေးသည် အဓိကကျသော အခန်းကဏ္ဍတွင် ပါဝင်ပါသည်။ ပင်လယ်ကမ်းရိုးတန်းစီးပွားရေးသည် အပြာရောင်စီးပွားရေး (Blue Economy)၏ အစပျိုးမှုပင်ဖြစ်သည်။ ပင်လယ်ကမ်းရိုးတန်းစီးပွားရေး တစ်နည်းအားဖြင့် အပြာရောင်စီးပွားရေးကို နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိက မောင်းနှင်အားတစ်ခုအဖြစ် ရှုမြင်လာကြသည်။ ထို့ကြောင့် ယခုအခါ ပင်လယ်ကမ်းရိုးတန်းပိုင်ဆိုင်သော ကမ္ဘာ့နိုင်ငံအများစုသည် အပြာရောင်စီးပွားရေးကို အာရုံစိုက်၍ လုပ်ဆောင်လာကြသည်။

**တိုင်းပြည်တစ်ပြည်၏ GDP ကို များစွာအထောက်အကူပြု**

ကမ္ဘာ့လုံးဆိုင်ရာ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Gross Domestic Product–GDP) ကို ကြည့်မည်ဆိုလျှင် ပင်လယ်သမုဒ္ဒရာနှင့် ကမ်းရိုးတန်းအခြေပြုကဏ္ဍများဖြစ်သော ရေကြောင်းသယ်ယူပို့ဆောင်ရေးကဏ္ဍ၊ ငါးဖမ်းလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ ကမ်းလွန်စွမ်းအင်နှင့် အခြားလုပ်ငန်းများသည် ကမ္ဘာ့ GDP ၏ ၃ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းအထိရှိကြောင်း UNCTAD နှင့် OECD Report အခြားအရင်းအမြစ်များက ဖော်ပြထားကြပါသည်။ အာဆီယံတွင်လည်း အာဆီယံ GDP ၏ ၁၀ ရာခိုင်နှုန်းခန့်အထိရှိကြောင်း တွေ့ရှိရပါသည်။ ထို့မှ တိုင်းပြည်တစ်ပြည်၏ GDP ကို များစွာ အထောက်အကူပြုနေသည့်ကဏ္ဍ ဖြစ်ပါသည်။ သို့ဖြစ်၍ ပင်လယ်ကမ်းရိုးတန်းနှင့် အပြာရောင်စီးပွားရေးသည် နိုင်ငံ၏ စီးပွားရေးတိုးတက်ရန်အတွက် မောင်းနှင်အားပင် ဖြစ်တော့သည်။

ကမ်းရိုးတန်းစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန် များစွာအရေးကြီးပါသည်။ ကမ်းရိုးတန်းရှိ ဒေသခံပြည်သူလူထု၏ ဝင်ငွေရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ကမ်းရိုးတန်းဒေသသည် ပင်လယ်ရေကြောင်းမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်များသို့ ဝင်ရောက်နိုင်သောကြောင့် နိုင်ငံတကာကုန်သွယ်မှု၏ တံခါးပေါက်ဖြစ်သည်။ သို့ရာတွင် ကမ်းရိုးတန်းစီးပွားရေးမောင်းနှင်အားများသည် ကမ်းရိုးတန်းဒေသတစ်ခုစီ၏ သီးခြားတည်နေရာနှင့် လက္ခဏာများပေါ်မူတည်၍ ကွဲပြားကြပါသည်။ အလားအလာရှိသော ကမ်းရိုးတန်းစီးပွားရေးကဏ္ဍများအနေဖြင့် ငါးဖမ်းခြင်းနှင့် ငါးပုစွန်မွေးမြူရေးလုပ်ငန်း၊ ကမ်းရိုးတန်းခရီးသွားလုပ်ငန်း၊ ရေကြောင်းပို့ဆောင်ရေးနှင့် ကုန်သွယ်မှု၊ ဆိပ်ကမ်းများ၊ သင်္ဘောတည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းများ ပါဝင်သော ရေကြောင်းဝန်ဆောင်မှုလုပ်ငန်းများ၊ ရေနံသဘာဝဓာတ်ငွေ့ အရင်းအမြစ် ရှာဖွေထုတ်လုပ်ရေးလုပ်ငန်းများ၊ လေ၊ နေရောင်ခြည်နှင့် ဒီရေစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များ၊ ကမ်းရိုးတန်းစိုက်ပျိုးရေး၊ သုတေသနနှင့် ဆန်းသစ်တီထွင်မှု




စသည့်ကိစ္စရပ်များ ပါဝင်ပါသည်။

သို့ရာတွင် အခွင့်အလမ်းနှင့် စိန်ခေါ်မှုတို့သည် အမြဲတမ်းဒွန်တွဲလျှက်ရှိသည့်သဘောအရ ကမ်းရိုးတန်းစီးပွားရေးအလားအလာ အခွင့်အလမ်းများတွင် စိန်ခေါ်မှုများကိုလည်း ယှဉ်တွဲတွေ့ရှိရပါသည်။ အဆိုပါစိန်ခေါ်မှုများမှာ အဏ္ဏဝါအရင်းအမြစ်များကို အလွန်အကျွံအသုံးချခြင်း၊ ရေရှည်မတည်တံ့နိုင်သော ငါးအလွန်အကျွံဖမ်းခြင်းများ၊ လူတို့၏ လုပ်ဆောင်မှုများနှင့် သဘာဝဖြစ်စဉ်အမျိုးမျိုးကြောင့် ကမ်းရိုးတန်းတစ်လျှောက် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီး၍ ကမ်းရိုးတန်းနေသတ္တဝါများ၏ နေထိုင်ကျက်စားရာများ ပျက်စီးခြင်း၊ ဆီနှင့်ပလတ်စတစ်အပါအဝင် ရေထုညစ်ညမ်းမှုများ၊ ကမ်းရိုးတန်းတိုက်စားမှုများ၊ ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့် အုပ်ချုပ်မှုဆိုင်ရာ စိန်ခေါ်မှုများ၊ အဏ္ဏဝါအရင်းအမြစ် အသုံးပြုမှုအပေါ် ပဋိပက္ခများ၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်မှုနှင့်ပြင်းထန်သော ရာသီဥတု ဖြစ်စဉ်များကဲ့သို့သော ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အကျိုးသက်ရောက်မှုများ စသည်တို့ ဖြစ်ပါသည်။ သို့ဖြစ်၍ အဏ္ဏဝါအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းလျက် ကမ်းရိုးတန်းလူမှုအသိုက်အဝန်း၏ သာယာဝပြောရေးကို ဖော်ဆောင်နိုင်မည့် မျှတပြီး ရေရှည်တည်တံ့သော ချဉ်းကပ်မှုကို ဖော်ဆောင်သင့်ပါသည်။ ထိုသို့ဖော်ဆောင်ရာတွင် အဏ္ဏဝါသဘာဝပတ်ဝန်းကျင်ဆိုင်ရာအချက်အလက်များ၊ လူမှုရေးဆိုင်ရာ အချက်အလက်များနှင့် စီးပွားရေးဆိုင်ရာအချက်အလက်များကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါသည်။

ရေရှည်တည်တံ့သော ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်မှုဖြစ်ရန် အဏ္ဏဝါအရင်းအမြစ်များကို ကာကွယ်ခြင်းနှင့် ကမ်းရိုးတန်းလူမှုအသိုက်အဝန်းများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးခြင်းဖြင့် မြှင့်တင်နိုင်ပါသည်။ ထိုသို့မြှင့်တင်ရာတွင် သက်ဆိုင်သူများ (Stakeholders) အားလုံးပါဝင်သော ကျယ်ပြန့်သည့်ချဉ်းကပ်မှုပုံစံ လိုအပ်ပါသည်။ အဆိုပါချဉ်းကပ်မှုအချို့မှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **ဘက်ပေါင်းစုံပါဝင်သော ကမ်းခြေဇုန်စီမံခန့်ခွဲမှု (Integrated Coastal Zone Management (ICZM))**

ဘက်ပေါင်းစုံပါဝင်သော ကမ်းခြေဇုန်စီမံခန့်ခွဲမှု (Integrated Coastal Zone Management–ICZM) အစီအစဉ်များကို အကောင်အထည်ဖော်ခြင်းသည် ကမ်းရိုးတန်းဒေသများတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီအောင် ကူညီပေးနိုင်ပါသည်။ ဘက်ပေါင်းစုံပါဝင်သော ကမ်းခြေဇုန်စီမံခန့်ခွဲမှုသည် သက်ဆိုင်သူအားလုံး၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သည့် နည်းလမ်းဖြင့် ဆောင်ရွက်ခြင်း ဖြစ်ပါသည်။

(ခ) **ဂေဟစနစ်အခြေပြုချဉ်းကပ်နည်း (Ecosystem–Based Approach)**

ရေနေမျိုးစိတ်များ ပေါက်ပွားမှုနှင့် ရှင်သန်မှုအတွက် အရေးပါသော ဒီရေတောများ၊ ပင်လယ်မြက်ခင်းများနှင့်သန္တာကျောက်တန်းများကဲ့သို့ အရေးကြီးသော ရေနေသတ္တဝါများ၏ နေရင်းဒေသများကို ကာကွယ်ခြင်းဖြင့် အဏ္ဏဝါဂေဟစနစ်များကို ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်မှုအတွက် ဂေဟစနစ်အခြေပြုချဉ်းကပ်နည်းကို ကျင့်သုံးခြင်း ဖြစ်ပါသည်။

(ဂ) **ရေရှည်တည်တံ့သော ငါးဖမ်းခြင်း အလေ့အကျင့်ကောင်းများ (Sustainable Fishing Practices)**

ငါးအလွန်အကျွံဖမ်းခြင်းကို တားဆီးရန်နှင့် ငါးအပါအဝင် ရေနေသတ္တဝါအရင်းအမြစ်စီမံခန့်ခွဲမှုကို မြှင့်တင်ရန်အတွက် ရေရှည်တည်တံ့သော ငါးဖမ်းခြင်း အလေ့အကျင့်များကို တွန်းအားပေးဆောင်ရွက်ရန်ဖြစ်ပါသည်။ ငါးဖမ်းကန့်သတ်ချက်များကို *စာမျက်နှာ ၁၇ သို့*




ရေရှည်တည်တံ့သော အပြာရောင်စီးပွားရေး အုပ်ချုပ်မှုပြပုံ။

■ **ကမ်းရိုးတန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် များစွာအရေးကြီးပါသည်။ ကမ်းရိုးတန်းရှိ ဒေသခံပြည်သူလူထု၏ ဝင်ငွေရရှိရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ကမ်းရိုးတန်းဒေသသည် ပင်လယ်ရေကြောင်းမှတစ်ဆင့် ကမ္ဘာ့ဈေးကွက်များသို့ ဝင်ရောက်နိုင်သောကြောင့် နိုင်ငံတကာကုန်သွယ်မှု၏ တံခါးပေါက်ဖြစ်သည်။ သို့ရာတွင် ကမ်းရိုးတန်းစီးပွားရေးမောင်းနှင်အားများသည် ကမ်းရိုးတန်းဒေသတစ်ခုစီ၏ သီးခြားတည်နေရာနှင့် လက္ခဏာများပေါ်မူတည်၍ ကွဲပြားကြပါသည်**

# ကျောက်တော်မြို့နယ်၌ RBF စီမံကိန်းရန်ပုံငွေ ထုတ်ပေး

**ကျောက်တော် စက်တင်ဘာ ၂၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးရည်ရွယ်၍ ဆောင်ရွက်ပေးလျက်ရှိသည့် ကျေးလက်စီးပွားမြင့်မားစေရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကို အောက်ဂါပုကျေးရွာသို့ စက်တင်ဘာ ၂၆ ရက်တွင် ပထမအကြိမ် ထုတ်ပေးသည်။

မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည့် ရန်ပုံငွေပေးအပ်ပွဲတွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအောင်ခိုင်ဇော် (လက်ထောက်ညွှန်ကြားရေးမှူး နည်းပညာ) က စီမံကိန်းဆောင်ရွက်ခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးနှင့် စီမံကိန်းတာဝန်ခံများက အောက်ဂါပုကျေးရွာမှ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့သည်။

အောင်လှဖြူ (ရမ်းဗြဲ)

# ရန်ကင်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဆင်း

**ရန်ကင်း စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး (မွမ်းမံ) သင်တန်းဆင်းပွဲကို အမှတ် (၄) ရပ်ကွက်ရှိ မြို့နယ်မီးသတ်ဦးစီးဌာန သင်တန်းခန်းမ၌ စက်တင်ဘာ ၂၉ ရက်က ကျင်းပသည်။




သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ်က အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးသတ်ပညာဘာသာရပ်နှင့် ရှာဖွေကယ်ဆယ်ရေးဆိုင်ရာဘာသာရပ်များ ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်စေရန်နှင့် မီးသတ်ဦးစီးဌာန၏ ရည်မှန်းချက် တာဝန်လေးရပ်ဖြစ်သည့် မီးဘေးလုံခြုံရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေး၊ ရှာဖွေကယ်ဆယ်ရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေး တာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စည်းကမ်းကောင်းမွန်ပြီး စွမ်းရည်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းသားများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ် မီးသတ်ဦးစီးမှူး ဦးထိန်လင်းတို့က တူညီဝတ်စုံများ ပေးအပ်ခဲ့ကြသည်။

လှလှထွေး (ပြန်/ဆက်)

# နယ်စပ်ရေးရာဝန်ကြီးဌာနက ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်

**တောင်ကြီး စက်တင်ဘာ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးပြည်ထောင်စုရန်ပုံငွေဖြင့် မြေလမ်း ၂/၆ မိုင်၊ အမာခံလမ်း ၁/၂ မိုင်၊ ကျောက်လမ်း ၄/၁ မိုင်၊ ကတ္တရာထပ်ပိုးလွှာလမ်း ၇/၂ မိုင်၊ ကွန်ကရစ်တံတားတစ်စင်း၊ ရေထုတ်ပြွန် ၂၃ စင်းနှင့် ကျောက်တောင် မိုင်းခွဲခြင်းလုပ်ငန်းသုံးခုကို ရန်ပုံငွေကျပ် ၂၁၁၄ ဒသမ ၆၇၂ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပြီးစီးရေးအတွက် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးထားပြီး နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ယခုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ပေးခြင်းကြောင့် ကျေးရွာ ၃၈ ရွာမှ လူဦးရေ ၂၈၀၀၀ ခန့်၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဇောဦး (မောရှမ်းမြေ)



*စာမျက်နှာ ၁၆ မှ*

အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ အဏ္ဏဝါဘေးမဲ့နယ်မြေများ (Marine Protected Areas–MPA) တည်ထောင်ခြင်းနှင့် ငါးဖမ်းပိုက်အပါအဝင် သင့်လျော်သည့် ငါးဖမ်းကိရိယာများဖြင့် ဖမ်းစေခြင်းသည် ငါးနှင့် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများကို အကာအကွယ်ပေးနိုင်ပါသည်။

**(ဃ) အစားထိုးအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (Alternative Livelihoods)**

ကမ်းရိုးတန်းဒေသခံများကို မိရိုးဖလာငါးဖမ်းခြင်းထက် ဂေဟစနစ်များ မပျက်စီးစေသည့် ခရီးသွားလုပ်ငန်း (Ecotourism) ကို မြှင့်တင်ခြင်း၊ ရေရှည်တည်တံ့သော ငါးပုစွန်မွေးမြူခြင်း သို့မဟုတ် အဏ္ဏဝါပတ်ဝန်းကျင်ကို မထိခိုက်စေသော အခြားသော ဝင်ငွေရရှိသည့် လုပ်ငန်းများလုပ်ကိုင်နိုင်ရန် သင်တန်းပေး၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးခြင်းကဲ့သို့သော ကမ်းရိုးတန်းလူမှုအသိုက်အဝန်းအတွက် အခြားဝင်ငွေရစေမည့် အစားထိုး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ (Alternative Livelihoods) ဖော်ဆောင်ခြင်းများ ဖြစ်ပါသည်။

**( င ) ကမ်းရိုးတန်းဒေသခံများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် လုပ်ပိုင်ခွင့်ပေးခြင်း (Community Engagement and Empowerment)**

ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်မှုနှင့် ဆက်စပ်သောလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကမ်းရိုးတန်းနေဒေသခံလူထုများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းနှင့် ဆောင်ရွက်ရန် လုပ်ပိုင်ခွင့်ပေးခြင်း (Community Engagement and Empowerment) ဖြစ်ပါသည်။

**( စ ) အသိပညာပေးဆောင်ရွက်ခြင်း**

ရေရှည်တည်တံ့သော ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်မှု၏ အရေးပါမှုနှင့် ပတ်သက်၍ အများပြည်သူများ၊ မူဝါဒချမှတ်သူများနှင့် စီးပွားရေးလုပ်ငန်း ဆောင်ရွက်သူများအကြား အသိပညာပေးဆောင်ရွက်ခြင်း ဖြစ်ပါသည်။

**(ဆ) ဥပဒေ၊ နည်းဥပဒေများနှင့် ၎င်းတို့အား အာဏာသက်ဝင်အောင် ဆောင်ရွက်ခြင်း**

ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် စံချိန်စံညွှန်းများကို လိုက်နာစေရန် တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ခြင်း သို့မဟုတ် လိုအပ်ပါက ဥပဒေအသစ်များ ရေးဆွဲခြင်းတို့ ဖြစ်ပါသည်။ တရားမဝင်ဆောင်ရွက်ချက်များကို တားဆီးရန် ဥပဒေများအား အသက်ဝင်လာအောင် ဆောင်ရွက်ခြင်းသည် အရေးကြီးပါသည်။

**(ဇ) နိုင်ငံတကာဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း**

ပင်လယ်သမုဒ္ဒရာနှင့်ပတ်သက်သော နယ်စပ်ဖြတ်ကျော်ပြဿနာများကို ဖြေရှင်းရန်နှင့် အဏ္ဏဝါအရင်းအမြစ်များကို ထိထိရောက်ရောက်ထိန်းသိမ်းရန် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် ပင်လယ်သမုဒ္ဒရာထိစပ်သော အိမ်နီးချင်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ အကောင်းဆုံး အလေ့အကျင့်များကို မျှဝေခြင်း၊ သုတေသနလုပ်ငန်းများ ပူးတွဲဆောင်ရွက်ခြင်းနှင့် ရေထုညစ်ညမ်းမှုကို တုံ့ပြန်ရန် ပူးပေါင်းကြိုးပမ်းမှုများ ပါဝင်နိုင်ပါသည်။

**(ဈ) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်ခြင်း**

ကမ်းရိုးတန်းဒေသများရှိ ရာသီဥတုပြောင်းလဲမှုကြောင့် သက်ရောက်နိုင်ခြေရှိမှုများ (ဥပမာ–ရာသီဥတုပြောင်းလဲမှုကြောင့် ငါးဖမ်းရရှိနှုန်း ကျဆင်းနိုင်ခြေနှင့် ကမ်းရိုးတန်းတိုက်စားမှုများစသည်)ကို ထည့်သွင်းစဉ်းစားပြီး ကမ်းရိုးတန်းနေ လူမှုအသိုက်အဝန်းနှင့် ဂေဟစနစ်များကို ကာကွယ်ရန်အတွက် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်စေမည့် မဟာဗျူဟာများနှင့် ချဉ်းကပ်မှုများကို ဖော်ဆောင်ခြင်းဖြစ်ပါသည်။

ရေရှည်တည်တံ့သော ကမ်းရိုးတန်းဒေသဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ဆောင်ရွက်ရာတွင် စဉ်ဆက်မပြတ် စောင့်ကြည့်ခြင်း၊ အကဲဖြတ်ခြင်းနှင့် ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်အောင် စီမံခန့်ခွဲခြင်းများလိုအပ်ပါသည်။ အစိုးရ၊ ဒေသခံလူထုများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါသည်။

အာဆီယံကိုကြည့်မည်ဆိုလျှင် အာဆီယံအဖွဲ့ဝင်နိုင်ငံအားလုံးသည် အပြာရောင်စီးပွားရေးနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ဖို့ ကတိကဝတ်ပြုထားကြပါသည်။ ၂၀၂၁ ခုနှစ်တွင် ကျင်းပခဲ့သည့် (၃၈) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး (38th ASEAN Summit)တွင် အာဆီယံခေါင်းဆောင်များသည် အာဆီယံအပြာရောင်စီးပွားရေးဆိုင်ရာ ကြေညာစာတမ်း (ASEAN Leaders' Declaration on Blue Economy) ကို သဘောတူ အတည်ပြုချမှတ်ခဲ့ကြပါသည်။ အဆိုပါ ကြေညာစာတမ်းကို အကောင်အထည်ဖော်ရန်အတွက် အာဆီယံအပြာရောင်စီးပွားရေးမူဘောင် (ASEAN Blue Economy Framework) ကို ချမှတ်ရန်ရှိပါသည်။ ယခုအခါ နောက်ဆုံးမူကြမ်း ထွက်ရှိလာပြီးဖြစ်၍ အတည်ပြုကြမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် ရှည်လျားသောကမ်းရိုးတန်းနှင့် ကျယ်ပြောသောပင်လယ်ပြင်ကို ပိုင်ဆိုင်ထားပါသည်။ ဘင်္ဂလားပင်လယ်အော်နှင့် ကပ္ပလီပင်လယ်ပြင်တစ်လျှောက် ၂၃၃၃ ကီလိုမီတာခန့်ရှည်လျားသော ကမ်းရိုးတန်းနှင့် ၄၉၇၀၃၇ စတုရန်းကီလိုမီတာခန့် ကျယ်ဝန်းသော ရေပြင်တို့ကို ပိုင်ဆိုင်ထားပါသည်။ မြန်မာနိုင်ငံ၏ သီးသန့်စီးပွားရေးဇုန် (Exclusive Economic Zone–EEZ) သည် အခြေခံမျဉ်း (Baseline) မှ ပင်လယ်ဘက်သို့ ရေမိုင် ၂၀၀ အထိ ရှိပါသည်။ ထို့အပြင် အိန္ဒိယသမုဒ္ဒရာ အပြည်ပြည်ဆိုင်ရာ ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းနှင့် နီးကပ်စွာ မဟာဗျူဟာကျကျ တည်ရှိနေပါသည်။ အပြာရောင်စီးပွားရေးအတွက် အလားအလာရှိသော အချက်ဖြစ်ပါသည်။ ထိုကဲ့သို့ ပိုင်ဆိုင်ထားခြင်းသည် မြန်မာနိုင်ငံအတွက် သဘာဝကပေးသည့် အမွေအနှစ်ပင် ဖြစ်ပေတော့မည်။

မြန်မာနိုင်ငံသည် ထိုကဲ့သို့ ရှည်လျားသော ကမ်းရိုးတန်းနှင့် ကျယ်ပြန့်သော ပင်လယ်ပြင်တို့ကို ပိုင်ဆိုင်ထားသောကြောင့် ပင်လယ် ကမ်းရိုးတန်းစီးပွားရေးနှင့် အပြာရောင်စီးပွားရေးတို့ကို ရေရှည်ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေနိုင်ပါသည်။ ကမ်းရိုးတန်းစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် Public Private Partnership (PPP)စနစ်ဖြင့် အစိုးရနှင့်ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုလည်း လိုအပ်ပါသည်။ အဏ္ဏဝါအရင်းအမြစ်များကို ကာကွယ်ပြီး ကမ်းရိုးတန်းဒေသခံလူထု၏ အသက်မွေးဝမ်းကျောင်းများကို ပံ့ပိုးပေးရင်း ရေရှည်တည်တံ့သည့် ကမ်းရိုးတန်းဖွံ့ဖြိုးတိုးတက်ရေးကို မြှင့်တင်ရန် လိုအပ်ပါသည်။ ကမ်းရိုးတန်းနှင့် အပြာရောင်စီးပွားရေးကဏ္ဍသည် ကမ်းရိုးတန်းရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၊ ဆက်စပ်ဌာနများနှင့် ပုဂ္ဂလိကကဏ္ဍတို့ များစွာပါဝင်နေကြပါသည်။ သို့ဖြစ်၍ ဆက်စပ်သူများအားလုံး ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန် အထောက်အကူ ဖြစ်နိုင်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

**ရည်ညွှန်းကိုးကား**
- **OECD–The Ocean Economy**
- **UNDP– An Ocean of Opportunities**
- **ADB– Blue Economy Development Framework**
- **Presentation in EAS Workshop of Kunaev Vadim, Federal Agency for Fisheries, Russian Federation,**

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် စက်တင်ဘာ ၂၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၊ ရေဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ရှိ တပ်မတော်ဆေးရုံ၊ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာ ပြည်နယ်ဝန်ကြီးချုပ်များ **(ယာပုံ)**၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှု၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မွန်ရိုးရာဆွမ်းတော်ကြီးတင်ပွဲ မွန်ဓမ္မာရုံ၌ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၉**

ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိမွန်ဓမ္မာရုံ၌ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီ (ရန်ကုန်) နှင့် ရာမညပုညကာရီဝတ်အသင်းတို့ ပူးပေါင်းစီစဉ်မှုဖြင့် မွန်ရိုးရာဆွမ်းတော်ကြီးတင်ပွဲကို စက်တင်ဘာ ၂၈ ရက် (တော်သလင်းလဆန်း ၁၄ ရက်)က ကျင်းပသည်။

မွန်ရိုးရာ ဆွမ်းတော်ကြီးတင်ပွဲတွင် ရန်ကုန်မြို့ပေါ်ရှိ မြို့နယ်အသီးသီးမှ မွန်တိုင်းရင်းသား တိုင်းရင်းသူများက ညနေ ၄ နာရီမှ ည ၉ နာရီအထိ သစ်သီး၊ ဆွမ်း၊ တံခွန် ကုက္ကားစသည့် လှူဖွယ်ပစ္စည်းမျိုးစုံဖြင့် သဘော်ပုံစေတီတော်မြတ်အား ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ကြွရောက်လာကြသည့် ဧည့်ပရိသတ်တို့ကို မွန်ရိုးရာ မုန့်ဟင်းခါးဖြင့် ကျွေးမွေးကြသည်။



စက်တင်ဘာ ၂၉ ရက် (တော်သလင်းလပြည့်နေ့)နံနက်ပိုင်းတွင် ပင့်ဖိတ်ထားသည့် သံဃာတော် အရှင်သူမြတ်တို့ကို ဆွမ်းဆက်ကပ်လှူဒါန်းပြီး သီလခံယူဆောက်တည်ကြသည်။

ဆယ်နှစ်လရာသီပွဲတော်များ အနက် တော်သလင်းလပြည့်နေ့တွင် မွန်လူမျိုးတို့နေထိုင်ရာ ဒေသအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများတွင် မွန်ရိုးရာသဘော်ဆွမ်းတင်ခြင်း ဓလေ့ကို ကျင်းပလေ့ရှိသည်။ **မျိုးမင်းသူရ**

# (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့ အားကစားနည်း သုံးမျိုး ထပ်မံယှဉ်ပြိုင်ရန်ကျန်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၉**

တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် အားကစားနည်း သုံးမျိုး ထပ်မံယှဉ်ပြိုင်ရန် ကျန်ရှိနေသည်။

(၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်း ခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဘောလုံး၊ ဝူရှူးနှင့် တိုက်ကွမ်ဒိုအားကစားအဖွဲ့များမှာ ယှဉ်ပြိုင်ပြီးစီးခဲ့ကာ Esports အဖွဲ့မှာမူ ပြိုင်ပွဲများ ယှဉ်ပြိုင်နေဆဲဖြစ်သည်။ ယှဉ်ပြိုင်ပြီးစီးခဲ့သည့် အားကစားနည်းသုံးမျိုးတွင် မြန်မာအားကစားအဖွဲ့အနေဖြင့် ဆုတံဆိပ်နှင့် လွဲချော်ထားပြီး ဘောလုံးအမျိုးသားအသင်းက ရှုံးထွက်အဆင့်၊ ဘောလုံးအမျိုးသမီးအသင်းက အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာဝူရှူးအားကစားအဖွဲ့သည် အားကစားသမားလေးဦးစလုံး ဆုတံဆိပ်နှင့် လွဲချော်ခဲ့သလို တိုက်ကွမ်ဒိုကစားသမားတစ်ဦးမှာလည်း ပထမအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာအားကစားအဖွဲ့သည် စက်တင်ဘာ ၂၉ ရက်အထိ ဆုတံဆိပ်ရယူနိုင်ခြင်းမရှိသေးဘဲ ဆုတံဆိပ်မျှော်လင့်ချက်အတွက် ကျန်အားကစားအဖွဲ့များအပေါ် မူတည်နေသည်။

မြန်မာအားကစားအဖွဲ့ ထပ်မံယှဉ်ပြိုင်ရမည့် အားကစားနည်းများအနက် ပိုက်ကျော်ခြင်းပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၇ ရက်၊ မြားပစ်ပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၇ ရက်၊ ရိုးရာလှေပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည် ဖြစ်သည်။ မြန်မာမြားပစ်အဖွဲ့တွင် ကစားသမားနှစ်ဦးပါဝင်ပြီး Recurve အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီး Mix Team ပြိုင်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာပိုက်ကျော်ခြင်းအသင်းတွင် ကစားသမား ၁၄ ဦးပါဝင်ပြီး လေးယောက်တွဲ၊ သုံးယောက်တွဲ အမျိုးသား၊ အမျိုးသမီးပွဲစဉ်လေးမျိုး ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာရိုးရာလှေအဖွဲ့တွင် အားကစားသမား ၂၈ ဦးပါဝင်ပြီး မီတာ ၂၀၀၊ ၅၀၀၊ ၁၀၀၀ အမျိုးသား၊ အမျိုးသမီး ပွဲစဉ်ခြောက်မျိုး ယှဉ်ပြိုင်မည်ဖြစ်သည်။ **ရဲရင့်လွင်**

# တပ်ကုန်းမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး ကိုးဦး ဒဏ်ရာရ

**နေပြည်တော် စက်တင်ဘာ ၂၉**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ စက်တင်ဘာ ၂၈ ရက်က ယာဉ်တိမ်းမှောက်မှုဖြစ်ပွားရာ အမျိုးသား နှစ်ဦးနှင့် အမျိုးသမီး ကိုးဦး ဒဏ်ရာရရှိခဲ့သည်။





ဖြစ်စဉ်မှာ စက်တင်ဘာ ၂၈ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် တပ်ကုန်းမြို့နယ် နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၃၇ မိုင် ၇ ဖာလုံနှင့် ၂၃၈ မိုင်ကြား၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘုရားတောင်အမြန်လမ်းမကြီး ရဲစခန်းမှတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ နေပြည်တော်ဘက်မှ မန္တလေးဘက်သို့ မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်နေ စောသက်အောင်(၃၄) နှစ် မောင်းနှင်လာသည့် MON-15R/--- SHINERAY-SRN T20၊ PICKUP ယာဉ်မှာ ယာဘက်နောက်ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိ တိမ်းမှောက်ခဲ့သဖြင့် စောသက်အောင်၊ ယာဉ်ပေါ်တွင် လိုက်ပါလာသူ ဦးစိုးလွင် (၅၈) နှစ်ပါ ကိုးဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် စောသက်အောင်အား ဘုရားတောင်အမြန်လမ်းမကြီးရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၄ ရက် ည ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အမှတ်(၃)လမ်းဆုံတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် CROWN မော်တော်ယာဉ်ရောက်ရှိလာပြီး အဆိုပါယာဉ်အနီးသို့ BMW မော်တော်ယာဉ်တစ်စီး ထပ်မံရောက်ရှိလာသဖြင့် ရှာဖွေစစ်ဆေးခဲ့ရာ မဝတ်မှုန်မောင်းနှင်သည့် CROWN မော်တော်ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုး ငွေကျပ် သိန်း ၆၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၄ သိန်း ရှာဖွေတွေ့ရှိခဲ့ပြီး လွင်မိုးအောင်မောင်းနှင်သည့် BMW မော်တော်ယာဉ်ပေါ်မှ ပိုင်စိုး၊ ငြိမ်းချမ်းကျော်(ခ)ကိုမင်းနှင့် မသူဇာဝင်း တို့အားတွေ့ရှိရသဖြင့် စစ်ဆေးဖော်ထုတ်ချက်အရ ၎င်းတို့သည် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမှတနင်္သာရီတိုင်းဒေသကြီး မြိတ်သို့ သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှု ကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်းနှင့် အမှုတွင်ဆက်စပ်ပါဝင်သူများ ပိုင်ဆိုင်သည့် ငွေကြေးအကျိုးအမြတ်နှင့် ပိုင်ဆိုင်မှုများအား ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



လွင်မိုးအောင်၊ ပိုင်စိုး၊ ငြိမ်းချမ်းကျော် (ခ) ကိုမင်းနှင့် မသူဇာဝင်း၊ မဝတ်မှုန်တို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# အကြွေးဝယ်ကတ် (VISA/UPI Credit Card) အသုံးပြုပြီးနောက် ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသူများ၊ အာမခံသူများ သိရှိစေရန်ကြေညာခြင်း

ကမ္ဘောဇဘဏ်လီမိတက်၏ အကြွေးဝယ်ကတ် (VISA/UPI Credit Card) တို့အား ရယူသုံးစွဲခဲ့သူများဖြစ်သော အောက်ဖော်ပြပါဇယားတွင် အမည်စာရင်းပါရှိသည့် လူပုဂ္ဂိုလ်များသည် အကြွေးဝယ်ကတ်အသုံးပြုငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများအား ပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိနေသည့်အတွက် နည်းမျိုးစုံဖြင့် အကြိမ်ကြိမ် ဆက်သွယ်တောင်းခံခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်းများ ပြုလုပ်ခဲ့သော်လည်း ပေးဆပ်ခြင်းမရှိဘဲ ဆက်လက်ပျက်ကွက်နေပါသည်။ ထို့ကြောင့် အကြွေးဝယ်ကတ်အားသုံးစွဲခဲ့သူ အောက်ဖော်ပြပါ အမည်စာရင်းတွင်ပါရှိသည့် လူကြီးမင်းများနှင့် လူကြီးမင်းတို့ ကတ်လျှောက်ထားရာတွင် အာမခံအဖြစ် လက်မှတ်ရေးထိုး ပေးခဲ့ကြသူများအနေဖြင့် ကမ္ဘောဇဘဏ် လီမိတက်သို့ ပေးဆပ်ရန်ရှိသည့် အကြွေးဝယ်ကတ် သုံးစွဲငွေများ၊ အတိုးနှင့် ကျသင့်သည့် အဖိုးအခများကို ယခု ကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း သက်ဆိုင်ရာဘဏ်ခွဲသို့ လာရောက်ဆက်သွယ်ပေးဆပ်ပါရန်နှင့် သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက ဥပဒေနှင့်အညီ ဆက်လက်၍ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည် –

| စဉ် | အမည် | နိုင်ငံသားစိစစ်ရေးကတ်အမှတ် | အလုပ်အကိုင် | အကြွေးဝယ်ကတ်အမှတ် | နေရပ်လိပ်စာ |
|---|---|---|---|---|---|
| ၁။ | ဒေါ်နှင်းဝေယံ | ၁၂/ဒဂတ(နိုင်)၀၃၅၄၆၆ | ပုံနှိပ်လုပ်ငန်း | 4216XXXXXXXX6553<br>6244XXXXXXXX5880 | အမှတ်-၁၁၆၆ (A) သုမနလမ်း(၂)ရပ်ကွက်၊သာကေတမြို့နယ်၊ ရန်ကုန်မြို့။ |
| ၂။ | ဒေါ်ခင်ထိုက်ထိုက်ထွန်း | ၁၂/အစန(နိုင်)၁၇၇၉၈၇ | အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး | 6244XXXXXXXX5890 | အမှတ်-၂၉/၁၈၇ ၊ စိန်ပန်းလမ်းသွယ်(၃)လမ်း၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ |
| ၃။ | ဒေါ်လွင်လွင်အောင် | ၁၂/ကမရ(နိုင်)၀၀၂၆၈၈ | Tint Tint Travels&Tours Co.ltd | 4216XXXXXXXX7359<br>6244XXXXXXXX3522 | အမှတ်- ၄၄/၆၊ အောင်ချမ်းသာ (၂) လမ်း၊ အမှတ်(၁)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ရန်ကုန်မြို့။ |
| ၄။ | ဒေါ်မိမိ | ၉/မသန(နိုင်)၁၀၇၁၅၇ | ကောက်ပဲသီးနှံရောင်းဝယ်ရေး | 4216XXXXXXXX5233<br>6244XXXXXXXX2531 | ၂၆ဘီလမ်း၊ ပိုက်ကျုံးအကွက်-၂၂၅၊ ကြယ်စင်ပွဲရုံ၊ အောင်မြေသာဇံမြို့နယ်၊မန္တလေးတိုင်းဒေသကြီး။ |
| ၅။ | ဒေါ်ငြိမ်းငြိမ်းအိ | ၅/စကန(နိုင်)၁၅၇၇၅၃ | အထည်ချုပ်လုပ်ငန်း | 4216XXXXXXXX0158 | အမှတ်-၅၀၈၊ ရွှေဝါထွန်းလမ်း (၄၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၆။ | ဒေါ်ဥမ္မာသန်း | ၁၂/သဃက(နိုင်)၁၃၈၉၆၅ | Shwe Yee Pan Sett Co., Ltd | 4216XXXXXXXX2192<br>6244XXXXXXXX9826 | အမှတ်-၈၊ ဓာဝေယာလမ်း၊ (င/က ရပ်ကွက်)၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၇။ | ဒေါ်သဇင်ညွန့် | ၁၃/လရန(နိုင်) ၀၁၄၇၀၄ | Htet Walar Hein Co., Ltd | 4216XXXXXXXX4433<br>6244XXXXXXXX0022 | C - 221၊ မုဒိတာအိမ်ရာ(၁) ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| ၈။ | ဒေါ်တင်တင်အေး | ၁၂/မရက(နိုင်) ၀၁၁၂၁၀ | Shwe Than Sinn Services Co., Ltd | 4216XXXXXXXX2442<br>6244XXXXXXXX9347 | အမှတ်-၃၄၆ ၊ စရည်းပင်လမ်း၊ သုဝဏ္ဏမြို့နယ်၊ရန်ကုန်မြို့။ |
| ၉။ | ဒေါ်ဝင့်ဝါတင် | ၁၄/ ငပတ(နိုင်) ၀၀၃၁၄၂ | Shwe Yee Pan Sett Co., Ltd | 4216XXXXXXXX0837<br>6244XXXXXXXX9271 | အမှတ် (၁၁၅)၊ တိုက်(၂)၊ အခန်း(၁)၊ မင်းရဲကျော်စွာလမ်း၊ ကရင်ခြံရပ်ကွက်၊အလုံမြို့နယ်၊ရန်ကုန်မြို့။ |
| ၁၀။ | ဒေါ်ယဉ်မိုးသွယ် | ၁၂/သကတ(နိုင်) ၁၆၄၅၃၂ | Three Brothers Co.,Ltd | 4216XXXXXXXX5379<br>6244XXXXXXXX7804 | အမှတ်(၁)၊ခွာညိုလမ်း(၁၁၀)ရပ်ကွက်၊တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၁။ | ဒေါ်ယဉ်ယဉ်ထွန်း | ၁၂/ဗဟန(နိုင်) ၀၈၁၇၆၁ | Yin Yin's Kitchen | 4216XXXXXXXX5514<br>6244XXXXXXXX8729 | အမှတ် (၂၀၇)၊ မြတ်လေးလမ်း ၊ ပုလဲမြို့သစ်မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၂။ | ဦးအောင်ကျော်ဦး | ၁၂/သဃက(နိုင်) ၀၃၂၈၈၅ | KSရော်ဘာမှိုင်းခံလုပ်ငန်း | 4216XXXXXXXX2188<br>6244XXXXXXXX3638 | အမှတ်(၁၄)၊ ဟံသာဝတီလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့နယ်၊ရန်ကုန်မြို့။ |
| ၁၃။ | ဦးအောင်မိုး | ၁၂/မရက(နိုင်)၁၁၄၇၃၅ | Aye Mya Trading | 4216XXXXXXXX0690<br>6244XXXXXXXX2771 | အမှတ် (၃၁/၃၃/၃၅), (၄၅) လမ်း၊ ဗိုလ်တထောင်မြို့နယ် ၊ ရန်ကုန်မြို့။ |
| ၁၄။ | ဦးအောင်မိုးနိုင် | ၁၃/ကမန(နိုင်) ၀၈၉၈၂၀ | Archi Myanmar Co.,Ltd | 4216XXXXXXXX6502<br>6244XXXXXXXX9205 | အမှတ်(၉)၊ မြင်တော်သာလမ်း၊ (၁)ရပ်ကွက်၊သာကေတမြို့နယ်၊ရန်ကုန်မြို့။ |
| ၁၅။ | ဦးလှဝင်းထွဋ် | ၁၂/ဥကတ(နိုင်)၀၈၇၃၄၉ | Aung Myint Myat Taw Win Oo Construction Co., Ltd | 4216XXXXXXXX1613 | အမှတ်(၆၄၇)၊ သံသုမာလမ်း၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၆။ | ဦးကျော်ထင် | ၁၂/ဥကတ(နိုင်) ၁၃၅၇၈၉ | Aung Myint Myat Taw Win Oo Construction Co., Ltd | 4216XXXXXXXX8076 | အမှတ်(၆၄၇)၊ သံသုမာလမ်း ၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၇။ | ဦးကျော်မြတ်သူ | ၁၄/ငပတ(နိုင်)၀၉၅၃၈၇ | Shwe Yee Pan Sett Co., Ltd | 4216XXXXXXXX3018<br>6244XXXXXXXX9297 | အမှတ်(၁၁၅)၊ တိုက်(၂)၊ အခန်း(၁)၊ မင်းရဲကျော်စွာလမ်း၊ ရန်ကုန်မြို့။ |
| ၁၈။ | ဦးလင်းထင်ကျော် | ၁၂/လမန(နိုင်) ၀၀၀၈၂၁ | Lovely Way Travels & Tours Co.,Ltd | 6244XXXXXXXX0113 | အမှတ် (၁၃၂)၊ (C) ၊ ရွှေဟသ်ာလမ်း၊ ၆ မိုင်ခွဲ၊လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ၁၉။ | ဦးဖုန်းကျော်သူ | ၁၄/သပန(နိုင်) ၀၆၈၇၄၇ | Htet Walar Hein Co., Ltd | 4216XXXXXXXX1150<br>6244XXXXXXXX0030 | အမှတ် (၆၄)၊ (၁၀) လမ်း ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့ ။ |
| ၂၀။ | ဦးအဲလ်ဘတ်ဝင်းမောင် | ၁၂/မဂတ(နိုင်)၀၇၈၄၄၀ | Myint Myat Specialist Clinic | 4216XXXXXXXX0408<br>6244XXXXXXXX5518 | အမှတ်- K(၆၃/အေ) မင်္ဂလာ-၃လမ်း ၊FMI City၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။ |

**Legal and Compliance Function**

**ကမ္ဘောဇဘဏ်လီမိတက်**

**အမှတ်(၅၃)၊Strand Square Office၊ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်၊**

**ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph-01-2307091**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းမြို့၊ အထက ကရင်ကုန်းကျောင်း Grade-11မှ မသွယ်သွယ်အေး၏ ဖခင် အမည်မှန်မှာ ဦးငွေးလှိုင် ၇/သဝတ(နိုင်)၀၉၁၂၁၇ ဖြစ်ပါကြောင်း။

**ဦးငွေးလှိုင်**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ အထက(ခွဲ)တော်လသကျောင်း Grade-9မှ မသိမ့်သိမ့်သူ၏ မိဘအမည်မှန်မှာ ဦးအောင်ဇော်မင်း(ခ)ဦးဇော်မင်း ၇/လပတ(နိုင်)၁၀၀၅၈၆ နှင့် ဒေါ်ခင်သီတာဦး(ခ) ဒေါ်သီတာ ၇/လပတ(နိုင်)၀၉၆၉၈၂ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/95773, LUOJIA 110, M/C ယာဉ်လက်ဝယ်ရှိသူ KHWAR NYO TRADING CO.,LTD. က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (သာယာဝတီ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/76735 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါစံ ၉/တကန(နိုင်)၁၄၇၆၉၆က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရမည်းသင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ သိမ်ကျောင်းကွက်၊ ဦးပိုင်အမှတ် (၁/ဃ)၊ မြတ်သုခလမ်းရှိ မြို့နယ်ပြည်သူ့ကောင်စီရုံး၏ (၃-၁၂-၈၄) ရက်နေ့စွဲပါ စာအမှတ် ၄၂၆၉/စီးပွားအရ ၃(ခ)ဂန်ခံချက်လက်မှတ်ထုတ်ပေးပြီး ဦးလှထွန်းလွင် အမည်ပေါက် မြေကွက်အနက် ဧရိယာ(၀.၀၅၅)ကေ အကျယ်အဝန်း မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးခိုင်ကြည် (၁၂/သလန(နိုင်)၀၃၁၆၃၄)နှင့် ဦးပြည်ဖြိုးသန့် (၁၂/သလန(နိုင်)၀၉၇၉၄၄)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်ထွန်းသောင်း (၁၂/ပဘတ(နိုင်)၀၂၆၃၀၄) နှင့် ဒေါ်ခိုင်ခိုင်အောင် (၁၂/သကတ(နိုင်)၁၁၂၃၄၁) က ပြန်လည် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်ကာ အရောင်းအဝယ်ပြုသည့်ပစ္စည်းကို လက်ရောက်ရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည် (LL.B., D.B.L)**
**(စဉ်- ၁၄၆၆၈)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်နှင်းနှင်းထွေး(LL.B) (စဉ်-၂၄၉၆၈)**
**ဒေါ်အိအိမော်(ခ)ဒေါ်အိသဥ္ဇာအောင်(LL,B)**
**(စဉ် - ၅၀၈၅၄)**
**အထက်တန်းရှေ့နေများ**

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ကန်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၇)ရပ်ကွက်၊ ဓမ္မသုခကျောင်းလမ်း၊ The Leaf Residence Condo တိုက်အမှတ် (၂၀၄)၊ (Basement) (၂)ထပ်+RC (၁၂)ထပ် (Lift)ပါ အဆောက်အအုံထဲမှ အခန်းအမှတ် (B-1007)၊ Tower- B၊ (၁၀)လွှာ၊ အကျယ်အဝန်း(၁၇၂၂) စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်း(၁)ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြုသူများ ဖြစ်သော Global Green Property Co., Ltd. ၏ ကိုယ်စား ဦးဟုန်ချင်ပန်း (၉/ပဥလ(နိုင်)၀၀၆၅၄၅)ထံမှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော ဦးသက်ခိုင်မြင့်(၁၂/စခန(နိုင်)၀၅၂၃၇၃)၊ ဒေါ်မျိုးဆုမွန် (၁၂/ကတတ(နိုင်)၀၂၇၀၇၃)တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးသက်ခိုင်မြင့်၊ ဒေါ်မျိုးဆုမွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြင့်မြင့်ငွေး LL.B.,LL.M.,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၄၇၉)**
**အမှတ်(၁၃၈)၊လမ်း(၄၀)(မြေညီ)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၆၃၄၆၃၆၊ ၀၉-၄၃၀၆၃၅၅၆**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ထားဝယ်မြို့၊ ရှမ္မလည်ဆွဲရပ်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၂၁၆နေ ဦးသန်းညွှန့် ၆/ထဝန(နိုင်)၀၁၄၀၁၈၊ ဒေါ်အေးအေး ၆/ထဝန(နိုင်)၀၁၄၀၁၇ တို့၏ သားဖြစ်သူ မောင်ဝဏ္ဏ ၆/ထဝန(နိုင်)၀၆၃၃၄၁ သည် မိဘဖြစ်သူ၏ ဆိုဆုံးမသွန်သင်မှုကို မနာယူဘဲ မိဘဆွေမျိုးတို့၏ သိက္ခာကျဆင်းအောင် ပြုမူပြီး မိမိသဘော ဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးသန်းညွှန့်-ဒေါ်အေးအေး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (၀၀-၆)၊ ဦးပိုင်အမှတ် (၆၃)/၄၈ x ၄၉ လမ်းကြား၊ ၁၁၂ x ၁၁၃ လမ်းကြားရှိ မြေကွက်အား ဂရန်အမှုတွဲအမှတ် (၃၄၂/၁၉၉၅-၉၆) အရ ဦးစံရှိန်း MGN-၁၃၈၉၈၃ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်နှင့် မြေကွက်၏ မြေပုံဂရန်မူရင်းတို့မှာ အသိမ်းလွန်ပျောက်ဆုံးကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်များတင်ပြ၍ ဦးအောင်မျိုး ၉/တသန(နိုင်)၁၃၀၉၁၈ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/3755 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မြိတ်)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ တော်ဝင် (၂၃)လမ်း၊ မြေကွက်အမှတ် (L ၂၄၄) ဟုခေါ်တွင်သော အလျား x အနံ (ပေ၄၀x ပေ၆၀) အကျယ်ရှိ ဦးသန့်ဇင်ဦး အမည်ပေါက်မြေကွက်နှင့် ယင်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေကွက်လက်ဝယ်ရှိ၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူဒေါ်မြင့်မြင့်ခိုင် (ဘ) ဦးကြီးမောင် (၁၂/သလန(နိုင်)၀၉၀၃၂၁) ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစစ်မင်းအောင် (ဘ) ဦးသန်းအောင် (၁၂/သကတ(နိုင်) ၁၇၁၆၉၅) က (၂၇-၉-၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ပြန်လည်ဝယ်ယူကာ လက်ရောက်ရရှိထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇာနည် (LL.B., D.B.L)**
**(စဉ် - ၁၄၆၆၈)**
**တရားလွှတ်တော်ရှေ့နေ**

**ဒေါ်နှင်းနှင်းထွေး(LL.B) (စဉ်-၂၄၉၆၈)**
**ဒေါ်အိအိမော်(ခ)**
**ဒေါ်အိသဥ္ဇာအောင်(LL.B)(စဉ်-၅၀၈၅၄)**
**အထက်တန်းရှေ့နေများ**

**ဗိုလ်မိုးညိုလမ်းသွယ်၊ အောင်ချမ်းသာ (၂) ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၄၂၀၃၀၀၂၆၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/4577,Shayang-125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်မြင့် ၈/ပခက(နိုင်)၂၅၆၈၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/58739, DAYANG 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသူ ၈/ပခက(နိုင်) ၂၆၂၇၁၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပခုက္ကူ)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

